မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သီလနှင့်လည်းကောင်း၊ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၈၀) ■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ကြာသပတေးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြား

စက်ရုံစွမ်းရည်တိုးမြှင့်ရေးနှင့်အတူ စက်ရုံ၏ရေရှည်လည်ပတ်နိုင်စွမ်း၊ စီးပွားရေးအရအကျိုးရှိမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို တစ်ပြိုင်တည်းမြှင့်တင်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)ပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့်ကမ္ဘည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ အဆိုပါစက်ရုံနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အငြိမ်းစားအရာရှိကြီးများနှင့် စက်ရုံမှူး တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များ၊ သန်လျင်ရေနံချက်စက်ရုံမှ ဝန်ထမ်းများ၊

စာမျက်နှာ ၁၅ ကော်လံ ၁ ★

မလေးရှားနိုင်ငံတွင် အခက်အခဲဒုက္ခများ ကြုံတွေ့ခဲ့ရပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေး

မြိတ် အောက်တိုဘာ ၁၄

နိုင်ငံတော်မှ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများကို

စာမျက်နှာ ၁၄ ကော်လံ ၄ ➡



ယနေ့တစ်ရာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ စာ - ၇ သို့

ရေပေါ်ဆိုလာစနစ် (Floating Solar System) စာ - ၁၉ သို့

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် ထားဝယ် - လောင်းလုံး -ကျောက်နီမော် - ရှင်မော်လမ်းမကြီးပေါ်ရှိနေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ကျေးရွာရပ်ကွက်များ၌ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊

စာမျက်နှာ ၁၄ ကော်လံ ၅ ➡

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်

ထားဝယ်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေး

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများဖွံ့ဖြိုးတိုးတက်လာစေရန် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများပိုမိုများပြားလာမည်ဖြစ်၍ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုများကို ကြိုတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ထားဝယ်မြို့တွင်းရှိ လမ်းများအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များ ပိုမိုများပြားစွာသွားလာနိုင်မှုအပေါ်မူတည်တွက်ချက်၍ လမ်းများကို စနစ်တကျတိုးချဲ့ဖောက်လုပ်သွားရမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့်အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်သည်။ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များကို အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။ အလားတူ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်သည်။ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဝေးနှုန်းကြီးမြင့်မှုများကို လျော့ချပေးနိုင်မည်ဖြစ်သည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ထားဝယ်မြို့ရှိပုလဲကေရီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **"တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ၊ အရင်းအမြစ်များပေါကြွယ်ဝစွာရှိပြီးဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကိုဖော်ဆောင်ပေးခြင်း၊ အမှန်တကယ် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာများကိုအသုံးချ၍ ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ရေး-ထားဝယ် ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့်ဖောက်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေမည်ဖြစ်သည်။ ထားဝယ်ဒေသခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန်ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ **ထားဝယ်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေး**အတွက် အစိုးရနှင့်အတူ ဒေသနေပြည်သူအားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပွင့်ဖြူမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေအခက်အခဲ မဖြစ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ပွင့်ဖြူ အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာလ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး မြို့ပေါ်ရှိ ရေသိုလှောင်ကန်များတွင် ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ရေသိုလှောင်ကန်များ၌ သောက်သုံးရေ ဖြည့်တင်းဆောင်ရွက်နေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမင်းသူလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် မြေအောက်ရေကျဆင်းမှုများ ကြုံတွေ့လာပါက ဒေသတွင်း သောက်သုံးရေအခက်အခဲနှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရေအရင်းအမြစ် ရယူဆောင်ရွက်နိုင်မည့် ရေစက်ရုံ၊ ရေတွင်း၊ ရေကန်များနှင့် ရေသိုလှောင်ကန်များအား လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြို့မဈေးအတွင်းရှိ မီးသတ်ရေလှောင်ကန်များအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေဖြည့်တင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးမီးဘေးလုံခြုံရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန်တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ အောက်တိုဘာ ၁၄

ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ကျော်လွှားနိုင်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးချနိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် သာယာကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ကြိုးစားသင်ယူကာ လက်တွေ့လုပ်ငန်းခွင်တွင်ပြန်လည်အသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ကိုင်ကြရန် မှာကြား၍ သင်တန်းသားများ အတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို သာယာကုန်းကျေးရွာမှသင်တန်းသား၊ သင်တန်းသူ ၂၀ဦးတက်ရောက်ပြီး ကျွမ်းကျင်ဆရာ၊ ဆရာမများက အောက်တိုဘာလ ၁၄ ရက်မှ ၂၃ ရက်အထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

နန်းလေး

သဇင် (FM) အသံလွှင့်အစီအစဉ်

၁၅-၁၀ -၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၀၈:၀၀ For Youth
၃။ ၁၃:၃၀ Live For You
၄။ ၁၇:၀၀ Business Tips
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

ဖြတ် နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၁/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်အား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၂/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၂) ဒေါက်တာကိုကိုလွင် — ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၁၄-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့် (ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲအမှတ် (၅၅၁) မှ (၁၁၀၀) အထိ အတွဲပေါင်း ၅၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၆၃ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟို ကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲအမှတ်(၁၀၀၁)မှ(၁၆၀၅)အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာလ ၁၅ ရက်**(ယနေ့)**တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

လုပ်ငန်းများကိုပြန်လည်သုံးသပ်ပြီး အားနည်းချက်များဖော်ထုတ်၍ ပိုမိုအောင်မြင်အောင် ပြုပြင်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ပြောကြား

နေပြည်တော် အောက်တိုဘာ ၁၄

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နည်းပညာသင်ထာန်းပေးခြင်း၊ လုပ်ငန်းထူထောင်နိုင်ရန်ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းများကို စနစ်တကျမှတ်ပုံတင်ပေးခြင်း၊ ထုတ်ကုန်များကို ဓာတ်ခွဲစမ်းသပ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ အားနည်းချက်များဖော်ထုတ်ကာ ပိုမိုအောင်မြင်အောင် ပြုပြင်ဆောင်ရွက်သွားကြရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးဇော်သိမ်းက ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများဆိုင်ရာအစည်းအဝေး၌ ပြောကြားသည်။



အစည်းအဝေးတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတို့မှကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ဝင်ငွေတိုးစီမံကိန်း လုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း နည်းပညာကာလတို သင်တန်း ၁၃၃ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၅၉၅ ဦး မွေးထုတ်ကာ အဆိုပါသင်တန်းသားများအနက် ၉၇၂ ဦးသည် တစ်နိုင်တစ်ပိုင်ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း၊ မှတ်ပုံတင်လုပ်ငန်းများအနေဖြင့် ၂၂၀၃ ခုနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်း ၆၀၀၇ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

ငဆစ်ဘးရေအားလျှပ်စစ်စက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုအပ်



တီးတိန် အောက်တိုဘာ ၁၄

ဖလမ်းမြို့နှင့်အနီးအနားကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် ငဆစ်ဘးရေအားလျှပ်စစ်စက်ရုံသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစက်ရုံ အဆောက်အအုံနှင့် စက်ရုံစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တီးတိန်မြို့နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ တီးတိန်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စက်မှုဘာသာရပ်လက်တွေ့ခန်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း သာသနာရေးဦးစီးဌာနပိုင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပြန်လည် ပြုပြင်နိုင်ရေးအခြေအနေကိုလည်း ကောင်း၊ တီးတိန်မြို့နယ်သမဝါယမဦးစီးဌာနရုံးအဆောက်အအုံပြင်ဆင်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

“အင်း ဆရာကတော့ ရဲ့ပဲ့ပြတ်သား အာမခံစကားကြားရပြီ၊ မောင်မင်းက ရောကွဲ့.”

“မှန်လှပါ အမှုတော်ကိုကုန်စင်အောင် ထမ်းရွက်နိုင်ကြောင်းပါဘုရား”

“ကောင်းပါလေ့ကွယ် ကိုယ်တော် အားရတော်မူသကွဲ့၊ ဟဲ့မောင်ခြုံ ဟိုကွင်းထဲမှာ အသင့်နေရာယူစမ်းကွဲ့၊ မောင်ခြုံက ကိုယ်တော့်သက်တော်စောင့် လူပျိုသား တပ်ထဲမှာတော့ လက်ရည်အစွာဆုံး အင်မတန်ရဲရင့်တဲ့သူပေါ့!”

“မှန်လှပါ ဘုန်းတော်ကြောင့် ကျွန်တော် မျိုး မှုလောက်သူမဖြစ်တန်ပါဘုရား”

“ဟေ ကောင်းသကွယ် ကဲ လူစွမ်းတော့ တွေ့ပြီပေါ့ မင်းလှငယ်ရေ”

အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူပျိုသား ဗိုလ်မောင်ခြုံဆိုသူမှာ အသားညိုညိုနှင့် မြင့်မားသောအရပ်အမောင်းရှိပြီး အရေးကြီးသော သက်တော်စောင့်တာဝန်ကို ထမ်းရွက်နေသူပီပီ တောင့်တင်းသန်မာဖျတ်လတ်စွာဖြင့် လျင်မြန်စွာပင် အိမ်ရှေ့စံညွှန်ပြသော ကွင်းကြီးထဲ၌ နေရာယူလိုက်သည်။

မောင်ခြုံမှာ လူပျိုသားတာဝန်ကို ထမ်းရွက်နေသူဖြစ်၍ အောက်ပိုင်းကိုယ်ကျပ်ရှည်နှင့် ချည်ပါးကိုယ်ကျပ်အင်္ကျီတို့ကိုဝတ်ကာ တိုက်ခိုက်ရေးသမားဟန်ပန်အပြည့်ဖြစ်သည်။ သူတို့နှစ်ဦး ယှဉ်ပြိုင်ရမည့်ကွင်းကြီးမှာ ပြာသိုလ မြင်းခင်းသဘင်၊ ဆင်ခင်းသဘင်ပွဲတော်ကြီး ကျင်းပလျှင် မင်းညီမင်းသားများ၊ စစ်ကဲစစ်မှူးကြီးများ၊ လက်သုံးတော်ကြီးများ သွေးပူလေ့ကျင့်ခန်းပြုလုပ်ကြရာ ကွင်းကြီးဖြစ်၍ အတန်ပင် ညီညာပြေပြစ်လှသည်။

စံနက်ကျော်က ခေါင်းပေါင်းပိတ်ပဝါကို ဖြုတ်ကာ ခါးပုံအထက်၌ တင်းတင်းရင်းရင်းချည်နှောင်လိုက်ပြီး ကွက်ကျဲတောင်ရှည်ပုဆိုးကြီးကို ခါးတောင်းနောက်ပိုးကျိုက်လိုက်သည်။ နံနက်ကတည်းက သေချာကျနထုံးဖွဲ့ပြီးသား သျှောင်ဆံစကို ထုံးဖွဲ့ရစ်နှောင်၍ ကျစ်လျစ်စွာသိမ်းဆည်းလိုက်၏။ အပေါ်ပိုင်းကိုယ်ဗလာကျင်းလျက်တောင့်တင်းဖုထစ်နေသော လက်ရုံး လက်ဖျံ လက်မောင်းကြွက်သားကြီးများက လူငယ်ပီပီ အရွယ်နှင့်မမျှကြီးမားတုတ်ခိုင်လှ၏။ မို့မောက်ကျယ်ပြန့်လှသောရင်အုပ်နှင့် မြင့်မားသောအရပ်အမောင်းကလည်း မောင်ခြုံနှင့်တစ်တိုင်းတည်းမျှဘက်ညီလှသည်။



စံနက်ကျော်က အိမ်ရှေ့စံကိုယ်တော်ကြီးအား အရိုအသေပေးကာ အသင့်နေရာယူပြီးသောမောင်ခြုံနှင့် မျက်နှာချင်းဆိုင်နေရာယူကာ မောင်ခြုံ့မျက်လုံးများထဲသို့ စူးစူးစိုက်စိုက်ကြည့်၍ တဖြည်းဖြည်း ကျယ်ပြန့်သောနေရာသို့ မသိမသာခေါ်လာခဲ့၏။ စစ်ရေးဗျူဟာအရ အားကြီးသောရန်သူနှင့် ရင်ဆိုင်ရပြီဆိုလျှင် ထွက်ပေါက်ကျယ်ပြန့်ရမည်ဟူသော ဗျူဟာကို လက်တွေ့အသုံးချရမည်ဖြစ်၏။ မောင်ခြုံက အသက်နှစ်ဆယ်ကျော် သူက ခုမှ ဆယ့်လေးနှစ်ပြည့်စ သက်လုံနှင့် ဉာဏ်ကစားရန်လိုဏ်။ ဗိုလ်ရန်ကင်း၏ အချက်ပေးအသံကို စောင့်နေလေတော့သည်။

“အိမ်း မောင်မင်းတို့ တစ်ယောက်နဲ့ တစ်ယောက် သွေးသောက်ညီနောင်များလို သဘောထားကြကွဲ့၊ စိတ်မကွက်ကြနဲ့နော်၊ ညွှာလည်းမညွှာနဲ့၊ ကဲ ဗိုလ်ရန်ကင်း စတေ့”

လက်ရုံးရည်တိုက်ပွဲကား စလေပြီ။ ဗိုလ်ရန်ကင်း၏ အချက်ပေးသံ စလိုက်သည်နှင့် လူပျိုသားမောင်ခြုံက ခြေကန်ချက်၊ လက်ဖျံရိုက်ချက်၊ တံတောင်တိုက်ကွက်များဖြင့် ခုန်ပျံလှည့်ပတ်ကာ တရစပ်တိုက်စစ်ဖွင့်လေသည်။ မောင်ခြုံ၏ တိုက်ကွက်များမှာ ရှေးရိုးစဉ်လာမပျက်သတ်ကိုးသတ်၊ မောင်းကိုးမောင်း အစုံအစေ့ ထုထောင်းကန်ကျောက်ကာ မုန်တိုင်းသဖွယ် တိုက်လေတော့သည်။

အချက်ပေးသံစကတည်းက အထန် တရစပ်တိုက်စစ်ဆင်နေသော မောင်ခြုံ့ သတ်ကွက်များကို အကဲခတ်ရောင်တိမ်းရင်း စံနက်ကျော်က ခံစစ်သက်သက်သာလျှင် တည်ငြိမ်စွာ ခုခံနေရသည်။ မောင်ခြုံ့ခြေကန်ချက်များကို သူက ခန္ဓာကိုယ်ညွတ်၍ ရှောင်ခြင်း၊ လက်ဖျံများနှင့် ရိုက်ဖယ်ပုတ်ထုတ်ခြင်းများ ပြုသကဲ့သို့ မောင်ခြုံက တံတောင်နှင့်ထောင်းလျှင် သူက ကိုယ်ကိုယိမ်း၏။ လက်သီးနှင့်ထိုးလျှင် လက်ဝါးစောင်းဖြင့် ခုတ်ပယ်လေသည်။

ဤသို့ ခွန်အားကိုသုံးကာ မုန်တိုင်းသဖွယ် တိုက်ခိုက်တတ်သော လူပျိုသားမောင်ခြုံထက်သာလွန်သည့် မောင်ပိုက်ကြီးနှင့် တစ်ဆယ့်နှစ်နှစ်သားအရွယ်ကပင် နေ့ညမဟူ လေ့ကျင့်သားကျပြီးဖြစ်လေရာ မောင်ခြုံ့တိုက်ကွက်များသည်လည်း တဖြည်းဖြည်း လေထဲ၌သာ အားကုန်ရကျာလေသည်။

တိုက်ပွဲအရှိန် ပိုမိုပြင်းထန်လာသည်နှင့် အမျှ မြင်ရသူတို့ ရင်သက်ရှုမောရှိနေသခိုက် စောစောက ခံစစ်သမား စံနက်ကျော်မှာ သက်လုံကောင်းကောင်းနှင့် တဖြည်းဖြည်း တိုက်စစ်သို့ တစ်ဖက်သတ်ရောက်ရှိသွားလေသည်။ နှစ်ဦးစလုံးမှာ လုံးတူဒေါက်တူ အရပ်အမောင်း ညီကြသူများဖြစ်၍ လက်လက်ချင်း၊ တံတောင်တံတောင်ချင်း၊ ခြေခြေချင်း ထိမိခိုက်မိသံများက တဖြောင်းဖြောင်း တခွပ်ခွပ်နှင့် ဗြောင်းဆန်နေတော့သည်။

အိမ်ရှေ့စံ ကိုယ်တော်ကြီးကိုယ်တိုင် ရာဇကြွန်ဖြေပျက်လောက်အောင် စိတ်အားတက်ကြွစွာ ရှုစားနေသခိုက် စံနက်ကျော်တို့ နှစ်ယောက်စလုံး လေထဲ၌ ဝဲပျံကာ တိုက်ခိုက်ကြရင်း မြေပေါ်သို့ပြန်အကျတွင် ကာကွက်လွတ်သွားသော စံနက်ကျော်လက်ျာနံပါးသို့ မောင်ခြုံ၏ အားပါပြင်းထန်သော လက်သီးက အရှိန်ပြင်းစွာ ပွဲသိမ်းဝင်သွားလေသည်။

“ဟေး...”

ကြည့်ရှုနေသည့် လူပျိုသားများပင် သတိလက်လွတ် အားပေးသံညံသွားလေသည်။ သို့သော်လည်း ဤအကွက်ကို ကြိုတင်တွက်ဆထားသောစံနက်ကျော်က ဗိုက်ကိုချပ် ရင်ကိုဟိုက်ကာ ခန္ဓာကိုယ်ကို အနည်းငယ် ယို့ရှောင်လျက် ထိုးချက်မမှန်ဘဲ ကျွံဝင်လာသော မောင်ခြုံ့လက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် မိမိရရဖမ်းဆုပ်ကာ အရှိန်နှင့် ပါလာသော ချိုင်းအောက်မှ ညာလက်အား ပြင်းပြင်းနှင့် မတင်ကိုင်ပေါက်လိုက်လေရာ မောင်ခြုံ့ခန္ဓာကိုယ်ကြီးမှာ ခြေလွတ်လက်လွတ် လေဝယ်လွင့်၍ မြေတလင်းပေါ်ဝယ် မှောက်စင်းကျကာ ငြိမ်သက်မှေ့မြောသွားလေသည်။

ဤသည်ပင်လျှင် လေအဟုန်ကဲ့သို့ လျင်မြန်ခြင်းမျိုးဖြင့် စံနက်ကျော်က အပြေးလိုက်သွားပြီး ပွဲသိမ်းထိုးမည်ချိန် ရွယ်လျက် ပွဲကို ရပ်နားလိုက်လေတော့သည်။ မင်းလှနော်ရထာဦးကျော်ရွှေးနှင့် အိမ်ရှေ့စံ ကိုယ်တော်ကြီးကိုယ်တိုင် ရာဇကြွန်ဖြေကိုပင်မင့်ဘဲ လက်ခုပ်တဖြောင်းဖြောင်းတီးကာ အားရကျေနပ်တော်မူလေသည်။ ကျန်ရှိသမျှ လူများမှာ မောင်ခြုံ့ကဲ့သို့ ကျင့်သားရ လူပျိုသား ဗိုလ်မင်းတစ်ယောက်ကို ဤလူမမည် တစ်ဆယ့်ငါးနှစ်သားမျှလောက်သော သူငယ်ကလေးက အနိုင်ရလိမ့်မည်ဟု ထင်မထားကြသောကြောင့်အံ့သြမှင်တက်ငေးမောလျက် တိတ်ဆိတ်နေကြလေသည်။

“အလိုလေး အားရလှသကွယ်၊ ဤမျှ နုနယ်ငယ်ရွယ်စဉ်တောင် အခုလောက် ရဲစွမ်းလျှင်ဖြင့် ငါကိုယ်တော်ချီးမြှောက်သနားတော်မူရမယ်ပဲ့၊ မင်းလှငယ် ဗိုလ်ရန်ကင်းဆီက လူပျိုသားဝတ်စုံနှစ်စုံထုတ်ပြီး နံနက်နေတက်သစ္စာတော်ရေပေးလို့ ကိုယ်တော့်ခြေတော်ရင်း အမြန်ခစားစေ”

အိမ်ရှေ့စံမင်းတရား၏ အမိန့်တော်သံကြားရလျှင် မင်းလှနော်ရထာဦးကျော်ရွှေးမှာ သားတပည့်အတွက် ဝမ်းသာအားရဖြစ်ပြီး စံနက်ကျော်လက်မောင်းကို ကိုယ်တိုင်ဆွဲကာ ရှေ့တော်မှောက် အခစားခိုင်းလိုက်လေသည်။

“ရော့ မောင်မင်း ဒီမြလက်ဝတ်တော်ကို ကိုယ်တော်က ချီးမြှင့်ပေးသနားလိုက်မကွဲ့၊ အမှုတော်ကို အကျေအပွန်ထမ်းပေရော့၊ ကဲကဲ လက်ဖက်ရည်တော်ပွဲစမကွဲ့.”

အိမ်ရှေ့စံကိုယ်တော်ကြီးက စံတော်မူရာ သလွန်ထက်မှ ထတော်မူလျက် လူပျိုသားမောင်ခြုံထံ လျှောက်သွားကာ မောင်ခြုံ၏လည်ပင်းသို့ လက်တော်ဖြင့် ညင်သာစွာ စမ်းသပ်ရှုစားတော်မူပြီး...

“ဟဲ့ ဗိုလ်ရန်ကင်း မောင်ခြုံကို ဆေးဝါးပြုစုပေးပြီး အနားယူပါစေကွယ်”

ထိုအချိန်မှစ၍ မြင်းခြံနယ် တောရွာဇနပုဒ်ကလေးမှ ဆေးသမားတော်မျိုးရိုးဆယ်ကျော်သက်အရွယ် လူငယ်ကလေးသည် ရတနာပုံရွှေနန်းတော်ကြီးမှ အိမ်ရှေ့ဥပရာဇာ ကနောင်ကိုယ်တော်ကြီး ခြေတော်ရင်း၌ သစ္စာတော်ခံ လူပျိုသားအဖြစ် အဆင့်ဆင့်ထမ်းရွက်ရင်း ရွှေနန်းတော်အတွင်းရှိ တပ်မှူး၊ ဗိုလ်မင်းစစ်မှူးစစ်ကဲ အိုးစားနောက်ပါတို့ပင်မက ရွှေနန်းတော်တွင်း ခစားလျက်ရှိကြသော စံအိမ်တော် အပျိုတော်များ၊ မြို့စား၊ နယ်စားအမတ်ကြီးများ၏ သမီးကညာများ ပါးစပ်ဖျား၌ပင် ဂုဏ်သတင်းမွှေးလျက် အရှင်မွေးသောသား ကိုးတောင်ကျားသို့ အရှင်မြောက်စားသဖြင့် တောက်ကြွးခဲ့လေတော့သည်။ **ဆက်လက်ဖော်ပြပါမည်။**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တရုတ်နိုင်ငံ ချေးငွေများနှင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာအခြေအနေများ၊ နှစ်နိုင်ငံအကြား ငွေပေးချေမှုကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ သင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားနိုင်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိ အဓိကဆိပ်ကမ်းကြီးများအနက်မှတစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများအား ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခဲ့ခြင်းဖြစ် . . .

❖ ပင်လယ်ဝမှဝင်ရောက်သည့် ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေး နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများဆိုက်ကပ်မှုများ များပြားလာသည့်အချိန်တွင် ကွန်တိန်နာများကို ပိုမိုလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင်နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခြင်းဖြစ်၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္ဘဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကိုဆောင်ရွက်စေခဲ့၊ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက်လာသည့် တန်ချိန် ၂ သောင်းမှ ၃ သောင်းအထိ တင်ဆောင်နိုင်သောသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ဆန်များနှင့် ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် တင်ပို့နိုင်ကြောင်း . . .

➢ ကျော်ဖုံးမှအဆက်

လမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအပိုင်းအလိုက် တိုင်းတာမှုများပြုလုပ်ပြီး လုပ်ငန်းများ လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ သန်လျင်တံတားအမှတ်(၁)၏ တံတားဆိုင်ရာအချက်အလက်များ၊ သီလဝါဘူတာယာဒ်ဝင်းများသို့ ဒွေးလမ်းများ ဝင်ရောက်မည့်ပုံစံနှင့် သီလဝါယာဒ်ဝင်းတိုးချဲ့မည့် အဆိုပြုပုံစံများ၊ လက်ရှိတိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။


ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိအဓိကဆိပ်ကမ်းကြီးများအနက်မှ တစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများအား ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဒွေးလမ်းဖောက်လုပ်မည့် လျာထားလမ်းကြောင်းတစ်လျှောက်အား မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာ တွက်ချက်၍လမ်းကွေ့နေရာများ၊ ဆင်ခြေလျှောနေရာများ၊ တံတားနေရာများ၌ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ သီလဝါဘူတာမှ သီလဝါဆိပ်ကမ်းဝင်းအတွင်းသို့လည်း ရထားလမ်းတိုးချဲ့ဖောက်လုပ်ရန်နှင့် တိုးချဲ့မည့် ဒွေးလမ်းလမ်းကြောင်းတစ်လျှောက် ကြိုတင်ဆောင်ရွက်နိုင်သည့်မြေနေရာရှင်းလင်းခြင်းနှင့် မြေကြီးလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် ကျောက်ထုတ်လုပ်ငန်းများကို ကနဦး ဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း ယခုကတည်းက ကြိုတင်ထွက်ချက်လျာထားစဉ်းစားဆောင်ရွက်ရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)သို့ရောက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ နောက်ခံသမိုင်းကြောင်း၊ မူဝါဒနှင့်လုပ်ငန်းတာဝန်များ၊ ကမ်းရိုးတန်းအရှည် ၁၂၆၀ ရေမိုင်ရှိ မြန်မာ့ဆိပ်ကမ်းများ၊ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်ရေး (Maritime Trade)ဆောင်ရွက်နိုင်မှုနှင့် အကျိုးအမြတ်ရရှိမှုများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများတိုးတက်လာမှု၊ ရန်ကုန်မြို့ဆိပ်ကမ်းဧရိယာအတွင်းရှိ ဆိပ်ကမ်းတံတားများ၊ သီလဝါအပြင် ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းတံတားများ၊ ရန်ကုန်ဆိပ်ကမ်း၏နှစ်စဉ်ကုန်စည်ကိုင်တွယ်နိုင်စွမ်းများ၊ ရန်ကုန်-ဒလ တံတားစီမံကိန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ဆောင်ရွက်မှု၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ အထွေထွေကုန်စည်တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအမံများ၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ မိုးရာသီနှင့် ပွင့်လင်းရာသီ ကုန်ကိုင်တွယ်ရရှိမှုအခြေအနေ၊ Transshipment လုပ်ငန်းလက်ရှိဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade)ကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် ကြပ်မတ်တွန်းအားပေးဆောင်ရွက်လျက်ရှိမှု၊ Semi Smart ကုန်သေတ္တာဆိပ်ကမ်း (Pilot Project)စီမံကိန်းလက်တွေ့အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ပင်လယ်ဝမှဝင်ရောက်သည့်ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေးအတွက် နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ Smart Semi Port နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများ ဆိုက်ကပ်မှုများ များပြားလာသည့် အချိန်တွင် ကွန်တိန်နာများကို ပိုမိုလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင်နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခြင်းဖြစ်၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္ဘဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကိုဆောင်ရွက်စေခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်း၌ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက်လာသည့် တန်ချိန် ၂ သောင်းမှ ၃ သောင်းအထိ တင်ဆောင်နိုင်သော သင်္ဘောကြီးများ၊ သီလဝါအပြင် ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းတံတားများ၊ ရန်ကုန်ဆိပ်ကမ်း၏နှစ်စဉ်ကုန်စည်ကိုင်တွယ်နိုင်စွမ်းများ၊ ရန်ကုန်-ဒလ တံတားစီမံကိန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ဆောင်ရွက်မှု၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ အထွေထွေကုန်စည်တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအမံများ၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ မိုးရာသီနှင့် ပွင့်လင်းရာသီ ကုန်ကိုင်တွယ်ရရှိမှုအခြေအနေ၊ Transshipment လုပ်ငန်းလက်ရှိဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade)ကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် ကြပ်မတ်တွန်းအားပေးဆောင်ရွက်လျက်ရှိမှု၊ Semi Smart ကုန်သေတ္တာဆိပ်ကမ်း (Pilot Project)စီမံကိန်းလက်တွေ့အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ပင်လယ်ဝမှဝင်ရောက်သည့်ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေးအတွက် နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ Smart Semi Port နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများ ဆိုက်ကပ်မှုများ များပြားလာသည့် အချိန်တွင် ကွန်တိန်နာများကို ပိုမိုလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင်နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္ဘဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကိုဆောင်ရွက်စေခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်း၌ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက်လာသည့် တန်ချိန် ၂ သောင်းမှ ၃ သောင်းအထိ တင်ဆောင်နိုင်သော သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ဆန်များနှင့် ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် တင်ပို့နိုင်ကြောင်း။

စာမျက်နှာ ၆ သို့ ➢





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port) ၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ ပုသိမ်၊ ရန်ကုန်၊ ထားဝယ်တို့ရှိဆိပ်ကမ်းများသည် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ၏အဓိကဆိပ်ကမ်းများဖြစ်လာမည်ဖြစ်၊ ထားဝယ်ဆိပ်ကမ်းအား နိုင်ငံတကာအတွက် ကုန်ပစ္စည်းများ Transit လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ရှိဆိပ်ကမ်းများသည် မိမိတို့ပြည်တွင်းကုန်စည်ပို့ဆောင်ရေးများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်သွားကြရန် ပြည်တွင်းကုန်စည်ပို့ဆောင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်းဖြစ် . . .

➢ စာမျက်နှာ ၅ မှ

ဆိပ်ကမ်းများတွင် သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့် ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူပို့ဆောင်ရန်အတွက် ပိုမိုအဆင်ပြေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ အာဆီယံတောင်ပိုင်းကုန်းတွင်းလမ်းကို တည်ဆောက်နိုင်ရန်အတွက် အချို့နိုင်ငံများကလည်း စိတ်ပါဝင်စားမှုရှိသည်ကိုသိရှိရကြောင်း၊ မြိတ်နှင့်ကော့သောင်းတို့တွင် ကော့သောင်းသည် နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ကော့သောင်းဒေသကို စဉ်းစားဆောင်ရွက်သွားရန် လို ကြောင်း၊ ပုသိမ်၊ ရန်ကုန်၊ ထားဝယ် တို့ရှိဆိပ်ကမ်းများသည် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ၏ အဓိကဆိပ်ကမ်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းအား နိုင်ငံတကာအတွက်ကုန်ပစ္စည်းများ Transit လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ရှိဆိပ်ကမ်းများသည် မိမိတို့ပြည်တွင်းကုန်စည်ပို့ဆောင်ရေးများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများအဆင်ပြေစေရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port) သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွာသာကြီး ဘူတာယာဒ်ဝင်းတည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရွာသာကြီး - မြစ်ငယ် - ရွာသာကြီး ကုန်သေတ္တာ ရထားပြေးဆွဲမှုအခြေအနေများ၊ ရွာသာကြီးဘူတာအဝင်လမ်းဘေး မီးရထားပိုင်မြေနေရာနယ်နိမိတ်အား ခြံစည်းရိုးကာရံပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်သည် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း (MITT) အတွင်းမော်တော်ယာဉ်များဖြင့် လှည့်လည်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port) အတွင်း ရွက်ရာတွင် မြေနေရာများကို အကျိုးရှိရှိဖြင့် ကျစ်ကျစ်လျစ်လျစ် အသုံးချနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း ခွင့်ပြုပေးထားသည့် လုပ်ငန်းရပ်များနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည်ကုန်းတွင်းဆိပ်ကမ်း(Dry Port) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၄

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/၈လ)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၄°C
ရန်ကုန်	၂၂°C	/	၃၅°C
မန္တလေး	၂၄°C	/	၃၅°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာကြပါစို့

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကဦးအောင်လင်းဌေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၅၆၀ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၃ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည့် အတွက် အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်တာဝန်ပေးမည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒေါက်တာကိုကိုလွင်တို့ကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားမှုအပေါ် ကန့်ကွက်သူမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အား ဆက်လက် အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါ အမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ၅၈ မြို့နယ်တွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ အရေးပေါ်အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သောကာလ အပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်" ဟုပြဋ္ဌာန်းထားပါကြောင်းသို့ဖြစ်ပါ၍ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက် အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်ကသဘောတူပေးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ကသဘောတူပေးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက်နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့်ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၉) ဒေါ်သိဂီဝင်းရွှေက သဘောတူစာချုပ်၏ အရေးကြီးသည့်အစိတ်အပိုင်းတစ်ရပ်မှာ အခွန်ရှောင်တိမ်းမှုနှင့် အခွန်ဆိုင်ရာ မသမာမှုများကို ကာကွယ်တားဆီးရေးဖြစ်ပါကြောင်း၊ အခွန်စနစ်တွင် တရားမျှတမှုရှိရန် လိုအပ်သလို အခွန်ထမ်းသူ၏ တရားဝင်အခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်ပြီး အခွန်ဥပဒေကိုမသမာစွာအလွဲသုံးစားပြုခြင်းကိုလည်း ထိရောက်စွာ ကာကွယ်တားဆီးရမည်ဖြစ်ပါကြောင်း၊ ဤသဘောတူစာချုပ်သည် အခွန်သက်သာခွင့်ပေးသည့် စာချုပ်တာစ်ခုသာမက အခွန်ကောက်ခံခွင့်ကို မျှတစွာခွဲဝေသတ်မှတ်ပေးသည့် စာချုပ်လည်းဖြစ်သောကြောင့် နှစ်နိုင်ငံလုံးအတွက် စီးပွားရေးယုံကြည်မှုတိုးတက်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ် လျော့ချနိုင်ခြင်း၊ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတိုးတက်ခြင်း၊ ဒေသတွင်းစီးပွားရေးဆက်ဆံမှုတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို မျှော်မှန်းနိုင်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးကို ပိုမိုတိုးတက်စေနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကောင်းစွာဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်ကာ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်ထိမ်းမှုကာကွယ်တားဆီးရေး သဘောတူစာချုပ် (Double Taxation Agreement – DTA) ချုပ်ဆိုခြင်းသည် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများကို အခွန်လျှော့ပေးရန် သက်သက်မဟုတ်ဘဲ အခွန်သက်သာမှုနှင့် နိုင်ငံတော်အခွန်ဝင်ငွေ မလျော့ကျစေရေးနှစ်ခုကိုချိန်ညှိပြီး လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာပါက နိုင်ငံခြားငွေရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူဖြစ်စေသော နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်ထိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက အခွန်ဝင်ငွေဆိုသည်မှာ နိုင်ငံ၏ အသက်သွေးကြောဖြစ်သော်လည်း အခွန်နှစ်ထပ်စနစ်ကြောင့် အလုပ်လုပ်သူများတွင် တစ်ဦးချင်းဝင်ငွေ သိသိသာသာ လျော့နည်းလာခြင်း၊ မိသားစုထောက်ပံ့နိုင်မှုကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအားလျော့လာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများဖြစ်လာစေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာစေကြောင်း၊ ထိုမျှမက အခွန်နှစ်ထပ်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအပေါ် ဆိုးကျိုးများပေါ်ပေါက်လာစေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးရခြင်း၊ ငွေလွှဲပြောင်းမှုပမာဏနည်းသွားခြင်း၊ တရားမဝင် ငွေကြေးလည်ပတ်မှုကြီးမားလာခြင်း၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကျဆင်းခြင်း၊ အခွန်စည်းကြပ်မှု ကုန်ကျစရိတ်တိုးလာခြင်း များကြောင့် နိုင်ငံ့စီးပွားသည် ရှေ့သို့မရောက်ဘဲ ရပ်တန့်သွားတတ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အခွန်နှစ်ထပ်စနစ်ကို ရှောင်ရှား၍ ဝင်ငွေခွန်ကို နှစ်ကြိမ်မပေးဆောင်စေရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အချိုးညီ အထောက်အကူပြုစေသည်ဟု ယူဆပါကြောင်းနှင့် အခွန်နှစ်ထပ်စနစ်ဖြင့် ဝင်ငွေခွန်နှစ်ကြိမ်၊ နှစ်နေရာမကျခံစေရေးအပေါ် လေးလေးနက်နက်ကြိုဆိုသလို အခွန်တိမ်းရှောင်မှုမပြုရေးစာချုပ်ကိုလည်း ခြွင်းချက်မရှိထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင်က မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ချုပ်ဆိုထားသည့် "ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်"သည် နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံမှရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်ရှောင်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှုမြင့်မားလာစေခြင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

လွှတ်တော်က အတည်ပြုပြီးပါက စာချုပ်အပိုဒ် ၃၀၊ အပိုဒ်ခွဲ (၁) အရ စာချုပ်ဝင်နိုင်ငံ အချင်းချင်း သက်ဆိုင်ရာဥပဒေအရ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ အသိပေးအကြောင်းကြားစာ (Instrument of Notification) ကို အပြန်အလှန် ပေးပို့ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်စေရေး အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းနှင့် ပြည်တွင်းအခွန်ဥပဒေများနှင့် ကိုက်ညီအောင် လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ် အကျိုးသက်ရောက်စေရေးဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စုလွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကျော့ အာဆီယံထွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေး အတွက် အတည်ပြုစာချုပ်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦးက အဆိုပါစာချုပ်လွှာကို လက်မှတ်ရေးထိုးပြီး သံတမန်နည်းလမ်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပါက သက်ဆိုင်ရာကဏ္ဍအလိုက်ဖြေလျှော့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာအကျိုးရှိအထောက်အကူပြုစေနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံဝန်ဆောင်မှုဆိုင်ရာသဘောတူညီချက်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအရနဝမအကျော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူစာချုပ် အသက်ဝင်ရေး အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူး ချုပ်ရုံးသို့ပေးပို့နိုင်ရေးပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက သဝဏ်လွှာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝရရှိနိုင်ရန်၊ ကတိကဝတ်များ၊ ဖြေလျှော့မှုအတိုင်းအတာ၊ အကျိုးကျေးဇူးနှင့် အန္တရာယ်များကို သိရှိထားရန်လိုအပ်ပါကြောင်း၊ အကျိုးကျေးဇူးများကိုသာသိပြီး ကတိကဝတ်များ၏ အတိုင်းအတာကို မသိခြင်း၊ ဖြေလျှော့ပေးရမည့် အချက်များကိုမသိဘဲ အတည်ပြုခြင်းသည် နိုင်ငံ၏ရေရှည်ဘဏ္ဍာရေးအကျိုးစီးပွားနှင့်ဆက်စပ်နေသည့် ဆုံးဖြတ်ချက်တစ်ခုအတွက် လုံလောက်သည့် အခြေခံမဟုတ်ပါကြောင်း၊ အကျိုးကျေးဇူးများရရှိနိုင်မည်ဟူသော မျှော်မှန်းချက်တစ်ခုတည်းဖြင့် မိမိတို့နိုင်ငံက မည်သည့်ကာတိကဝတ်များကို လက်ခံထားသည်၊ မည်သည့်အတိုင်းအတာအထိ ဖြေလျှော့ပေးရမည်ဆိုသည်ကိုမသိရှိဘဲ အတည်ပြုဆုံးဖြတ်ရန် မသင့်လျော်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင်က မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်နှင့် နောက်ဆက်တွဲများကို အသက်ဝင်စေရန် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှရက်ပေါင်း (၁၈၀)အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အတည်ပြုစာချွန်လွှာ လက်ခံရရှိကြောင်း အခြားအဖွဲ့ဝင်များထံ အကြောင်းကြားစာပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ စာချုပ်အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း။

အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ မူဘောင် သဘောတူစာချုပ်အရ

စာမျက်နှာ ၈ သို့ →

➔ စာမျက်နှာ ၇ မှ

အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန် ဖြစ်ပါကြောင်း၊ နဝမအကျော့ အာဆီယံဒွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အာမခံလုပ်ငန်းကဏ္ဍကိုလည်း ကောင်း၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်က ဘဏ်လုပ်ငန်းနှင့်အခြား ငွေရေးကြေးရေး ဝန်ဆောင်မှုကဏ္ဍ ခွဲများကိုလည်းကောင်း ဖြေလျှော့ပေးမည်ဖြစ်ပါကြောင်း။

သဘောတူညီချက်ပါ ဖြေလျှော့မှုဇယား (SOC)ကို ပြည်တွင်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ပြင်ဆင်အကောင်အထည်ဖော်ခဲ့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားရာနှုန်းပြည့် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီသုံးခု၊ ဖက်စပ် အထွေထွေအာမခံကုမ္ပဏီသုံးခု (စုစုပေါင်း ၁၁ ခု) ကို လိုင်စင်ပေးအပ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၂၇ ခုကိုလည်း ဖွင့်လှစ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် ငွေကြေးလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေလာခြင်း၊ နိုင်ငံခြားဘဏ်ခွဲများက မတည်ရင်းနှီးငွေများ ယူဆောင်လာခြင်းဖြင့် နိုင်ငံခြားငွေစီးဝင်မှုကို အထောက်အကူပြုခြင်းနှင့် စီမံကိန်းဘဏ္ဍာငွေများရရှိနိုင်ခြင်း၊ ပြည်တွင်းဘဏ်များက အဆင့်မြင့်နည်းပညာ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများကို လေ့လာသင်ယူခွင့်ရရှိကာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နှစ်နိုင်ငံသုံးငွေကြေးဖြင့် တိုက်ရိုက်ပေးချေမှုများ ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုတိုးတက်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ကာ အာဆီယံဒွေရေးကြေးရေးပေါင်းစည်းရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားပြီးဖြစ်သော အဆိုပါသဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးများသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုး၍ သံတမန်လမ်းကြောင်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အတည်ပြုစာချွန်လွှာ (Instrument of Ratification) ပေးပို့နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (က) တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့်အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၆ ခုနှစ်အောက်တိုဘာလ ၈ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဆွေးနွေးခဲ့သည့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘဏ္ဍာရေးဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်မဲခွဲရယူရာထောက်ခံဆန္ဒမဲများသည့် အတွက် လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံခြားငွေဖြင့် ချေးငွေရယူရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ (Exchange Rate Risk) နှင့် အတိုးနှုန်းပြောင်းလဲမှုကြောင့်ဆုံးရှုံးနိုင်ခြေ (Interest Rate Risk) များကို ကြုံတွေ့နိုင်သဖြင့် Exchange Rate Risk အနည်းဆုံးဖြစ်စေရန်အတွက် ငွေကြေးအမျိုးအစား ခိုင်မာမှု၊ သက်ဆိုင်ရာအခြေခံအတိုးနှုန်းနှင့် ပြန်ဆပ်ကာလတို့ကို စိစစ်အကဲဖြတ်ယွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ အများဆုံး ငါးနှစ်ဖြစ်၍ ကာလတိုချေးငွေဖြစ်သဖြင့် ဈေးကွက်ပြောင်းလဲမှုကြောင့် သက်ရောက်မှုအနိမ့်အမြင့်ရှိနိုင်ပြီး ဘဏ်စာရင်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပို့ကုန်ချေးငွေကို နိုင်ငံခြားငွေကြေးအမျိုးအစား ငါးမျိုးဖြင့် ရယူနိုင်သဖြင့် Sanction အကျိုးမဝင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် သင့်လျော်သော ငွေပေးချေမှုလမ်းကြောင်းကို ကြိုတင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ်လာရုံနိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့်ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ် အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ပို့ကုန်ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်များ (Basic Agreement) ကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၉ နှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်မဲခွဲရယူရာထောက်ခံဆန္ဒမဲများသည့် အတွက် လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းမှာ သီးခြားစီမံကိန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်၍ချေးယူခြင်းမျိုးမဟုတ်ဘဲ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအဝင်ငွေစာရင်းတွင်ဖြစ်ပေါ်လာသည့်လိုငွေကို ဖြည့်ဆည်းရန်အတွက် ချေးယူခြင်းဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူရန် လျာထားငွေကျပ် ၂၀၀၀ ဘီလီယံမှာ အသားတင်ချေးယူငွေအခွန်ဝန်ကြီးဌာနအနေဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၃၅/၂၀၁၇)နှင့်အညီ ရငွေများကို ပြည့်မီစေရေး စီမံကြီးကြပ်ကောက်ခံရန်လိုအပ်ပြီး အသုံးစရိတ်များသုံးစွဲရာတွင် လိုက်နာရမည့် အခြေခံအချက်များ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များအာမခံပေး၍ ချေးငွေရယူရန် ကျပ် ၂၀၀၀ ဘီလီယံ လျာထားမှုအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ချုပ်ဆိုထားသည့်သဘောတူညီချက်အရ အစိုးရငွေတိုက်လက်မှတ်များအပေါ် အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် ရွှက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သည့် ငွေကြေးမူဝါဒကော်မတီတွင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးပါဝင်ပြီး လစဉ်အစည်းအဝေးများပြုလုပ်ကာမူဝါဒများကိုဟန့်ချက်ညှိညှိ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုငွေအနက် ခန့်မှန်းချက်အရ ငွေကျပ် ၂၀၀၀ ဘီလီယံ အတွင်း လိုအပ်ပါက ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းနိုင်ရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ (၉၁) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သာမန်ရငွေအပိုင်းတွင် လျာထားချက်နီးပါး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းရငွေအပိုင်းတွင် ပြည်ပအကူအညီရငွေဖြင့်လုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်မှုမရှိခဲ့သည့်အတွက် ယင်းအသုံးစရိတ်များနှင့် ဆက်နွယ်သည့် ပြည်ပအကူအညီရငွေများလျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန်လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြွေးမြီရငွေအပိုင်းတွင် မြို့ရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိသဖြင့် နိုင်ငံတော်မှစိုက်ထုတ်ပေးချေရမှုမရှိခဲ့သည့်အတွက် သက်ဆိုင်ရာဌာနမှပြန်လည်ပေးသွင်းမှုမရှိခဲ့ခြင်း၊ ကိုဗစ်-၁၉ Special Relief Loan နှင့် ကိုဗစ်-၁၉ Fund မှထုတ်ချေးငွေတို့အတွက် နိုင်ငံတော်သို့ အပြည့်အဝ ပြန်လည်ပေးဆပ်မှု မရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အပိုင်းတွင် ပြည်ပချေးငွေအပေါ် အတိုးပေးချေမှု လျော့နည်းခဲ့ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးထည့်ဝင်မှု လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ပြည့်မီရန် အနည်းငယ်သာ လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်အပိုင်းတွင် နယ်မြေဒေသနှင့် ရာသီဥတုအခြေအနေများအရ အချို့တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်း၊ ဓာတ်အားပေးစက်ရုံများအတွက် Spare Part ပစ္စည်းများ စာချုပ်ချုပ်ဆိုဝယ်ယူရာတွင်အချို့စက်ပစ္စည်းများအချိန်မီပေးသွင်းနိုင်မှုမရှိခဲ့ခြင်း၊ တင်ဒါပိုလျှံငွေများဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ဆိုင်းငံ့နေခြင်းကြောင့် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့နှင့် ဆက်နွယ်သည့် အသုံးစရိတ်များလျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ပါကြောင်း။

ကြွေးမြီအသုံးစရိတ်အပိုင်းတွင် ပို့ကုန်နိုင်ငံချေးငွေအပေါ် အရင်းပေးဆပ်ရာတွင် Internal Policy ကြောင့် ငွေပေးချေနိုင်မှုမရှိခဲ့ခြင်း၊ မြို့ရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာနှစ်အတွင်း ရရှိသုံးစွဲနိုင်မည့်ရငွေနှင့် အသုံးစရိတ်တို့ကိုသာ လျာထားရေးဆွဲကြရန်နှင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအတွက်ကိုသာ ထည့်သွင်းလျာထားရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်နိုင်ပါရန်နှင့် အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၂/၂၀၂၆)ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) ဦးချစ်ဆွေ က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကိုယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန်းထားပေးနိုင်ရေးဆေးတက္ကသိုလ်ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၅ ခု**မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** ဆွေးနွေးအတည်ပြုခြင်းတို့ကိုဆောင်ရွက်ကြသည်။

ဦးစွာ ပန်းတနော်မဲဆန္ဒနယ်မှ ဦးကျော်မင်းသန်း၏ **ဓနုဖြူမြို့နယ် ကျူးတောရိုး၊ ကျီးချောင်း၊ ခနောင်ရိုက်ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဓနုဖြူမြို့နယ် အကျော် - ကျူးတောရိုး - ကျီးချောင်း ကျေးရွာချင်းဆက်လမ်းအရှည် ၅ မိုင် ၃ ဖာလုံရှိပြီး ကျောက်ခင်းလမ်း ၂ မိုင် ၂ ဖာလုံနှင့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း၊ မြေသားလမ်း ၃ ဖာလုံအားကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့်ကျန်မြေသားလမ်းအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ တိုင်းဒေသကြီးရန်ပုံငွေတွင်လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှဦးထွန်းလွင်၏ **ချောင်းဦးမြို့နတ်ရေကန်-ဘဃွေ-ကျောက်ဆစ်ကန်လမ်းမှ ကျောက်ခင်းလမ်းအား ပြန်လည်ပြုပြင်ပေးရန်နှင့်ကျန်ရှိသော မြေသားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန် - ဘလွေ - ကျောက်ဆစ်ကန်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အရှည် ၆ မိုင် ၄ ဖာလုံရှိသော Class A အဆင့်လမ်းဖြစ်ပြီး ပျက်စီးနေသည့် ကျောက်လမ်း ၂ မိုင် ၃ ဖာလုံအား ပြန်လည်ပြုပြင်ခြင်းနှင့် မြေသားလမ်း ၄ မိုင် သုည ဒသမ ၇၂ ဖာလုံအား ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန် အတွက် နယ်မြေဒေသအခြေအနေအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်နိုင်ပါက ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ်ရှိ မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်းမကြီးမှထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင်ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်းထန်းပင်ကန်ကျေးရွာမှ ရိုးကျေးရွာကြား ကတ္တရာလမ်း ၄ ဖာလုံကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည် ၂ မိုင် ၁ ဖာလုံအနက် ပျက်စီးနေသော လမ်းပိုင်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်ဘောင် အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ ၁ မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆန်း၏ **မိုင်းခတ်မြို့နယ် ၂၅ ခုတင်ဆုံဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာဆရာဝန် တစ်ဦးခန့်ထားပေးရန်အစီအစဉ်ရှိ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် အတူသူနာပြုကိုးဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်လျက်ရှိပြီး လိုအပ်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် အားလုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ၂၀၂၆ ခုနှစ်အတွင်း စိစစ်ခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးသုံးခုတို့တွင် လိုအပ်နေသော ဆေးတက္ကသိုလ် တစ်ခုဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဆေးတက္ကသိုလ်ခွဲဝေနေရာချထားရာတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည့်မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနများမှအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား သွားလာရေးအဆင်ပြေလွယ်ကူစေရန်နှင့် ပညာသင်ယူမှုအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံအောက်ပိုင်းတွင် တည်ရှိသည့် ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့သို့ လွန်ခဲ့သော ၁၅ နှစ်ခန့်ကတည်းကပင် ခွဲဝေနေရာချထား၍ တက်ရောက်စေပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိသူဦးရေအနေဖြင့် တစ်နှစ်လျှင်ပျမ်းမျှ ကရင်ပြည်နယ်မှ ၄၉ ဦး၊ မွန်ပြည်နယ်မှ ၄၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင်ခုနစ်ဦးသာရှိခဲ့သည့်အတွက်အဆိုပါဒေသကြီးသုံးခုတွင် ဆေးတက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် နိုင်ငံတော်၏လိုအပ်ချက်ပေါ်မူတည်ပြီးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတင်သွင်းသည့် **"နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ကျန်းမာရေးဆိုင်ရာ ဝန်ပိုနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောဝင်းထိန်က ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများသည် ယှဉ်တွဲပြီး နိုင်ငံအတွက်အရေးပါနေသကဲ့သို့ တစ်ခုနှင့်တစ်ခု အပြန်အလှန်ယှက်နွှယ်နေပါကြောင်းအဆိုကို အကောင်အထည်ဖော်ပေးနိုင်မည်ဆိုပါက ပြည်သူ၊ အစိုးရနှင့်လွှတ်တော်များအတွက်ပါ အကျိုးကျေးဇူးများမည်ကိုတွေ့ရှိရပါကြောင်း၊ ပြည်သူများအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့်လည်း ကျန်းမာကြွံခိုင်ပြီး ဥာဏ်ရည်မြင့်မားသည့် နိုင်ငံသားများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်များ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်နိုင်စွမ်းကို ပြည်သူများပိုမိုယုံကြည်လာမည်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုများရရှိလာမည်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မိုင်းရူးမဲဆန္ဒနယ်မှ ဦးစိုင်းကံက အဆိုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအကျိုးဖြစ်ထွန်းရန် အမြင်၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအမြင်၊ Life Expectancy မြင့်တက်လာရန် အမြင်၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်ရေးအမြင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအမြင်၊ ငြိမ်းချမ်းရေးအထောက်အကူပြုအမြင်၊ မည်သည့်အမြင်မျိုးဖြင့် ကြည့်ရှုသည်ဖြစ်စေ တိုင်းပြည်နှင့်ပြည်သူအတွက် အကျိုးရှိသည့်အတွက် ဒေသဇုန်များခွဲပြီး ရောဂါကြီးများအတွက်နိုင်ငံတကာအဆင့်မီကုသပေးနိုင်မည့်အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးရေးသည်အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးဆင်ဆုန်း က ယခုအဆိုသည် ဝေးလံခေါင်သီသည့် ဒေသများမှ တိုင်းရင်းသားမိဘပြည်သူလူထုအား လုံးအတွက် အလွန်တန်ဖိုးရှိသောအဆိုဖြစ်ပြီး ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုအားလုံးအပေါ် တန်းတူညီမျှတန်ဖိုးထားကြောင်းပေါ်လွင်စေသော အဆိုဖြစ်ပါကြောင်း၊ သာမန်နာမကျန်းသူသည် ပြဿနာမရှိသော်လည်း ကင်ဆာ၊ ကျောက်ကပ်၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် အူအတက်ရောဂါများကိုမူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိ တက်ရောက်ကုသရန်များစွာ အခက်အခဲရှိပါကြောင်း၊ ထို့ကြောင့်ဝေးလံခေါင်သီဒေသမှပြည်သူများ ရောဂါကြီးများကို ခေတ်မီစက်ကိရိယာကြီးများဖြင့် နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန်ဒေသဇုန်ကြီးများသတ်မှတ်ပြီး အထူးကုဆေးရုံကြီးများ သီးခြားထူထောင်ဖွင့်လှစ်ပေးခြင်းသည် ကောင်းမွန်သည့်အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အနေဖြင့် ပြည်နယ်ပြည်မမခွဲခြားဘဲ နိုင်ငံသားအားလုံးအပေါ်၊ တိုင်းရင်းသားလူမျိုးစုအားလုံးအပေါ် ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို တန်းတူခံစားပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ယုံကြည်မှုများပိုမိုအားကောင်းလာစေရန် များစွာအထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း အဆိုသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ပူပင်သောက၊ ဒုက္ခနှင့် ဝန်ပိနေမှုများကို အများဆုံးလျှော့ချပေးနိုင်မည့် အစီအစဉ်ဖြစ်သည်ဟု ယုံကြည်သည့်အတွက် တစ်နိုင်ငံလုံးတွင်ရှိသည့် တိုင်းရင်းသားမိဘပြည်သူလူထုအားလုံး၏ကိုယ်စား အဆိုအပေါ်အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်းနှင့် ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်လင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဌာနတာတင်ထွန်းက ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာကြည့်ရှုကုသမှုနှင့် ပတ်သက်၍ နယ်မြေဒေသအေးချမ်းတည်ငြိမ်သောဒေသများရှိပြည်သူ့ဆေးရုံတိုင်းတွင် အရေးပေါ်နှင့် ပြင်ပလူနာဌာနများကို ၂၄ နာရီဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ခုတင်-၁၀၀ ဆံ့ ဆေးရုံများမှစတင်ပြီး အထူးကုဆရာဝန်များ ခန့်အပ်တာဝန်ပေးကာအထူးကုပြင်ပလူနာဌာနများကို နံနက်ပိုင်းသာမက နေ့လယ်ပိုင်းများတွင်ပါတိုးချဲ့ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုလက်လှမ်းမီစွာရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြင်ပလူနာများ စောင့်ဆိုင်းရချိန် လျှော့ချရေးနှင့် ဆေးဝါးများအခမဲ့ထောက် ပံ့ ပေးနိုင် ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေများခွဲဝေချထားပေးခြင်း၊ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအား အဆင့်မြှင့်တင်ရာတွင် ဆေးနှင့်ဆေးပစ္စည်းများ၊ အခြေခံအဆောက်အဦများကို နှစ်စဉ်ဘတ်ဂျက်လျာထားရရှိမှု၊ နယ်မြေဒေသအေးချမ်းမှုတို့အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရင်းအမြစ်များရရှိနိုင်မှုကို တွက်ချက်ကာ အများပြည်သူကုသရေးဝန်ဆောင်မှု တိုးမြှင့်ရရှိစေရန် အလို့ငှာ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအား ငွေကြေးအခက်အခဲမဖြစ်စေဘဲ လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများရရှိနိုင်ရေးအတွက် နောင်အနာဂတ်ကာလတွင်ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်ကို နိုင်ငံ၏လူမှုစီးပွားအခြေအနေနှင့် ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့နှင့်

စာမျက်နှာ ၁၀ သို့ ⇨

⇨ **စာမျက်နှာ ၉ မှ**

လိုက်လျောညီထွေစွာ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးကို သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံသစ်ကြီးများကို အစမှအဆုံး အသစ်ဖွင့်လှစ်ထူထောင်ခြင်းသည် ကြီးမားသောဘဏ္ဍာငွေ၊ အဆင့်မြင့် စက်ပစ္စည်းများနှင့်အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ စသည့် လူစွမ်းအားအရင်းအမြစ် အမြောက်အမြား အချိန်ယူစုဆောင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒေသအလိုက် ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ဆေးရုံကြီးများတွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များနှင့် ခေတ်မီကုသရေးနှင့်ရောဂါရှာဖွေရေးပစ္စည်းများအား နှစ်စဉ်တိုးမြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားရှိပြီး အဆင့်ဆင့်ဆက်လက် စီမံဆောင်ရွက်သွားမည်ဖြစ်သောကြောင့်နိုင်ငံသားမိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ဝိုနေမှုများကိုလျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက်အဆင့်မြင့် အထူးကုဆေးရုံကြီးများထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကအဆိုအပေါ် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို စနစ်တကျအလေးအနက်မှတ်သားထားပြီး တိုးတက်မှုအခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို အောက်တိုဘာလ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ထာဝရငြိမ်းချမ်းရေး

❖ နိုင်ငံတော် သာယာရေး
စဉ်မြော်တွေး လုပ်ဆောင်လျှင်။
ငြိမ်းချမ်းသာယာ လူမှုဘဝ
အဓိကပင်။
လူတိုင်း၏ စိတ်ဘဝင်
တွေးဆမြင် ဝင်ကာကြည့်။
ငြိမ်းချမ်းရေးကို တန်ဖိုးထား
အားလုံးအသိ။

❖ လက်နက်ကိုင် ပဋိပက္ခ
ကင်းစင်ပ ကွယ်ပျောက်အောင်။
ညှိနှိုင်းကာ အဖြေရှာပေး
ဆွေးနွေးမူဘောင်။
စုစည်းညီညွတ် တို့ပြည်ထောင်
စွမ်းဆောင်ကာ ကြိုးစားမှု။
NCA အခြေခံ အုတ်မြစ်
ထွန်းသစ်အောင်ပြု။

❖ ဒီမိုကရေစီ ပန်းတိုင်လမ်း
လျှောက်လှမ်းတဲ့ သည်ချိန်ခါ။
အေးချမ်းစွာ စည်ပင်လှပ
ရှိရမည်သာ။
ဆွေးနွေးလို့ အဖြေရှာ
ပြည့်မျက်နှာ ဦးစားပေး။
လောဘအပို လိုမလိုက်နဲ့
ထိုက်သင့်တာရွေး။

❖ နိုင်ငံတော် အစိုးရ
ဦးဆောင်ပြ လမ်းကြောင်းမှန်။
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
မြတ်နိုးစေရန်။
ဖွံ့ဖြိုးတိုးတက် စိတ်ရည်သန်
တို့နိုင်ငံ ငြိမ်းချမ်းရေး။
စိတ်ထားဖြူ တူညီမှုနဲ့
ပြုကြမယ်လေး။

❖ ဖက်ဒရယ်ပြည်ထောင်စု
ညီညာမှုနဲ့ တည်ဆောက်မည်။
လက်နက်ကိုင် တောင်းဆိုမှု
မပြုသင့်ပြီ။
အနာဂတ်အတွက် မျှော်မှန်းရည်
ခွင့်တူညီ ပန်းတိုင်သို့။
ကမ္ဘာမှာ မြန်မာမျိုးတို့
တိုးတက်လှမ်းစို့။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းစိုက်ဧကများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မင်းကင်း အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးမင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောနှမ်းစိုက်ဧကများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၄၄၅၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့် ဧကရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ယခုနှစ် မင်းကင်းမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ အောက်တိုဘာ ၁၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင်လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို သာယာကုန်းကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ခဲ့ပြီး ကျွမ်းကျင်ဆရာ၊ဆရာမများကအောက်တိုဘာလ ၁၃ ရက်မှ ၂၂ ရက်အထိ ၁၀ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ

ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်

ပဲခူး အောက်တိုဘာ ၁၄

ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်သည့် ကြို့ပင်ကောက်မြို့မှ လုပ်ငန်းရှင် ဦးဇေယျာဝင်း၏ "သဘာဝ" Resin ပရိဘောဂနှင့် အမှတ်တရပစ္စည်းအရောင်းပြခန်းကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။



ထို့အတူ လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများ၏ စုပေါင်းစားဖို ဆောင်သီးနှံစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆီထွက်ပဲပုပ်မျိုးစေ့နှင့် စားဖိုဆောင်သီးနှံမျိုးစေ့များပေးအပ်သည်။

အလားတူ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးစံပြစိုက်ခင်းဧက ၃၀၀ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံမိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆောင်းသီးနှံအတွက် ဆီထွက်ပဲပုပ်မျိုးစေ့များကို ပေးအပ်သည်။

ဆက်လက်၍ သာယာဝတီမြို့ လုပ်ငန်းရှင် ဦးမြင့်ထွေး၏လယ်ယာသုံးစက်ကိရိယာ အလုပ်ရုံ၌ လက်ကိုင်ရှည်စက်နှင့်မြေယာပြုပြင်ခြင်းစက် တွဖက်တပ်ဆင်စမ်းသပ်ထုတ်လုပ်ထားရှိမှုနှင့် တောင်သူတစ်ပိုင်တစ်နိုင် လယ်ယာသုံးစက်ကိရိယာများသုံးစွဲနိုင်ရေးထွန်ယက်စက်အမျိုးမျိုးထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား


အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတု အကျိုးသက်ရောက်မှုများ



မိုးရွာသွန်းမှု ကာလ မမှန်ခြင်း၊ မိုးရွာသွန်းမှုပုံစံ မမှန်ကန်ခြင်း



မုန်တိုင်း ဖြစ်ပေါ်မှုများ မှုမမှန်ခြင်း



နွေရာသီကာလများတွင် နေအပူချိန်များ ပုံမှန်ထက် မြင့်မားခြင်း



မိုးခေါင်ရေရှားခြင်း



အခြားအစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ခြင်း

ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ပြည်ထဲရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးအဆင့်မြင့်



အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့ကို မြှင့်တင်ရန် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများနှင့် အခြားနိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အားလုံးနှင့်အတူ ပွင့်လင်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်တို့ဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အပေါ် ရင်းနှီးပွင့်လင်းစွာမျှဝေဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘောဆောင်သည့်ရလဒ်များရရှိခဲ့ကြောင်း သိရသည်။

မြဝတီ



ကမ္ဘာ့စံချိန်စံညွှန်းနေ့(World Standards Day 2026) အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

(၁၄)ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့(World Standards Day 2026) အခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဆောင်ပုဒ်သည် စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ စသည့်ကဏ္ဍနယ်ပယ်အစုံအလင်တွင် စံချိန်စံညွှန်းများ၏ အရေးပါမှုကို အသိပညာပေးရန်ဖြစ်ပြီး မိမိတို့နိုင်ငံတွင်လည်း စံချိန်စံညွှန်းသတ်မှတ်ခြင်းအား အလေးထားဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာစံချိန်စံညွှန်း ၁၁၃၁ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ချမှတ်ခဲ့ပြီးသော စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာစျေးကွက်သို့ ဝင်ရောက်နိုင်ရေး အခွင့်အလမ်းကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း အမျိုးသား စံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ Secretary General Mr. Sergio Mujica ၏ အမှာစကားနှင့် ISO ၏ World Standards Day 2026 ဆိုင်ရာ ဗီဒီယိုကိုပြသသည်။

ထို့ပြင် သက်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီများက Clean Energy And Energy Management System (MMS ISO 50001:2011) ကိုလည်းကောင်း၊ Renewable Energy (Photovoltaic) နှင့် Energy Efficiency ဆိုင်ရာ စံချိန်စံညွှန်းများကိုလည်းကောင်း၊ AI Standards and Clean Energy Provision ကိုလည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးပြောကြားကြသည်။

အခမ်းအနားသို့ အမျိုးသား စံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးဆိုင်ရာ အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် Weekend Market ပြုလုပ်ပြီး အမျိုးသမီးသင်တန်းကျောင်းများ၏ထွက်ကုန်များကို ဈေးကွက်ချဲ့ထွင်ရောင်းချနိုင်ရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် Weekend Market ပြုလုပ်ပြီး အမျိုးသမီးသင်တန်းကျောင်းများ၏ထွက်ကုန်များကို ဈေးကွက်ချဲ့ထွင်ရောင်းချနိုင်ရေးအတွက် အဆိုပါစင်တာ၌ အောက်တိုဘာလ ၁၂ ရက်က အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ အမျိုးသမီးများအတွက်အသက်မွေးဝမ်းကျောင်း သင်တန်းများ အဆင့်မြှင့်တင်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ကျွမ်းကျင်သင်တန်းသူများ လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များနှင့် စင်တာအတွင်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြင်ဆင်မွမ်းမံရေးအစီအစဉ်တို့ကိုလည်း အသေးစိတ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် စက်ချုပ်သင်တန်း၊ လက်မှုပန်းထိုးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကုန်ချောထုတ်လုပ်ရောင်းချသည့်အရောင်းဆိုင်တို့ကို ကြည့်ရှုသည်။



အားပေးသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌စက်ချုပ်သင်တန်းတက်ရောက်နေကြသည့် အမျိုးသမီးများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယအစိုးရ၏ အသေးစားဖွံ့ဖြိုးမှုစီမံချက်များဖြစ်သည့် ရန်ကုန်အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အဆင့်မြှင့်တင်ရေးစီမံချက်၊ စက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်တာအပ်ချုပ်စက်များ၊ ဆိုလာများ တပ်ဆင်အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr.Maziad Mohammed Maziad M.Alhowishan အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၄

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr.Maziad Mohammed Maziad M.Alhowishan နှင့် သံရုံးတာဝန်ရှိသူများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံလုပ်သားစေလွှတ်ခြင်းကဏ္ဍများအပေါ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးဖလှယ်ခဲ့ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ကို ယုံကြည်ကြောင်း၊ နှစ်နိုင်ငံ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များတွင် သဘောတူညီချက်ချုပ်ဆိုနိုင်ရေးကို ကြိုဆိုပါကြောင်း၊ အာဆီယံနိုင်ငံများသို့ အလုပ်သမားများစေလွှတ်မှုများရှိသကဲ့သို့ ဆော်ဒီအာရေဗျနိုင်ငံသို့လည်း စေလွှတ်မှုများရှိပါကြောင်း၊ လုပ်သားစေလွှတ်ရာတွင် မိမိတို့နိုင်ငံသားများအတွက် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများ၊ လုပ်ခလစာရရှိမှု၊ လူနေမှုအဆင့်အတန်းနှင့် နေထိုင်မှုကုန်ကျစရိတ်များကိုကြည့်ရှုပြီး သဘောတူညီချက်ချုပ်ဆိုနိုင်ရေး စဉ်းစားဆောင်ရွက်ကြောင်း၊ မိမိတို့နိုင်ငံသားများ၏ အလုပ်သမားအခွင့်အရေးပြည့်ဝစွာရရှိရေး၊ လုပ်ခလစာကောင်းမွန်စေရေးကို အဓိကထားဆောင်ရွက်လျက်ရှိသောကြောင့် နှစ်နိုင်ငံ အလုပ်ဃာရေးရာပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံမှလုပ်သားများဆော်ဒီအာရေဗျနိုင်ငံသို့သွားရောက်လုပ်ကိုင်ရာတွင် ဘေးကင်းလုံခြုံပြီး ရပိုင်ခွင့်များ အပြည့်အဝရရှိစေမည့် စနစ်တကျ စေလွှတ်နိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့အခြေစိုက် ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ သံရုံးတာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆု ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒုတိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (၄)ပေါက်တန်းအဆင့်ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။

❐ ကျောပုံးမှအဆက်

နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြပြီး အားကစားနည်းများအလိုက်ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ကျင်းပပြုလုပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြွရှုအားပေးသည်။

ဦးစွာ ဝိတ်တန်းအလိုက်ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုနှင့် အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက် အကောင်းဆုံး ကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက် ဖလားရရှိသည့်အသင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက်ဆုဖလားများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် တိုက်ကွမ်ဒိုအား ကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၉ ခုနှင့်ကြေးတံဆိပ် ၄ ခု ဖြင့် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(B)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများတက်ရောက်ကြွရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးနေရာအလိုက်အကောင်းဆုံးဆု၊ အကောင်းဆုံးဘော်လီဘော အားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့်အသင်းများ အား တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများအသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တပ်မတော်ဘော်လီဘောကော်မတီ ဥက္ကဋ္ဌက ငွေသားဆုနှင့်တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒုတိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများတက် ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက်ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တပ်မတော်ဘော်လီဘောကော်မတီ ဥက္ကဋ္ဌက ငွေသားဆုနှင့်တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒုတိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒုတိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများတက် ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက်ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်ဒုတိုင်းဆုရရှိသည့် အသင်းများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒုတိုင်းဆုများ အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့သိုင်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ၈ ခုနှင့် ကြေးတံဆိပ် ၇ ခုဖြင့် စွယ်စုံတံခွန်စိုက်ဒုတိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက စွယ်စုံတံခွန်စိုက်ဒုတိုင်းဆုကြီးနှင့် ဆင့်ပွားဒုတိုင်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒုိင်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အခြေခံအထိ(၆)ချက်ပြိုင်ပွဲ၊ (၄)ပေါက်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့အား ကြည့်ရှုအားပေးသည်။ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုနှင့် တက်သစ်အကောင်းဆုံးအားကစားသမားဆု၊ အကောင်းဆုံးအားကစားသမားဆု၊ အတိုးတက်ဆုံးအသင်းဆု၊ ဒုိင်အဖွဲ့များအတွက် ဂုဏ်ပြုဆုများ အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယကနှင့်တာဝန်ရှိသူများကလည်း ကောင်း၊ အခြေခံအထိ(၆)ချက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် (၄)ပေါက်တန်းအဆင့်ပထမဆုရကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား)ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း ဒုိင်းဆုများပေးအပ် ချီးမြှင့်သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်ဆဲရေးစခန်းရှိတပ်နယ်အားကစားခန်းမ၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့အားကစားပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် လူသစ်တန်းနှင့် အလွတ်တန်းအဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့်အားကစားသမားများ၊ ဒုိင်အဖွဲ့ဝင်များ၊ (က)အဆင့်ကစားသမားများ၊ (က)အဆင့်နှင့်အလွတ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့ကစားသမားဆုရရှိသူများ၊ လူသစ်တန်းဒုိင်းဆု၊ (က)အဆင့်ဒုိင်းဆုနှင့်အလွတ်တန်းအဆင့် ဒုိင်းဆုရရှိသောအသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့်အသင်းလိုက်ဆုဖလားများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက်လက်ဝှေ့အားကစားပြိုင်ပွဲတွင်ရွှေတံဆိပ် ၆ ခု၊ ငွေတံဆိပ် ၄ ခုနှင့် ကြေးတံဆိပ် ၆ ခုဖြင့် တံခွန်စိုက်ဒုတိုင်းဆုရရှိသောတောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒုတိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ဘေးဒဏ်ကြံ့ကြိုခံနိုင်ဖို့ နေအိမ်များမှစတင်စို့

သီဟထွန်းထွန်း

ယမန်နေ့မှအဆက်

ဘေးဒဏ်ကြံ့ကြိုခံနိုင်သောနေအိမ် (Resilient House) သည် လူတိုင်းအတွက် အခွင့်အရေးဖြစ်သင့်သည်။ ဥပမာအားဖြင့် ဝင်ငွေကောင်းသူတစ်ဦးအနေဖြင့် နေအိမ်ပြန်လည်တည်ဆောက်ရာတွင် အင်ဂျင်နီယာများ၏အကြံပြုချက်ရယူနိုင်သည်။ အရည်အသွေးကောင်းသည့် ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုနိုင်သည်။ အာမခံထားနိုင်သည်။ အန္တရာယ်နည်းသည့်နေရာသို့ ပြောင်းရွှေ့နိုင်သည်။ သို့သော် ဝင်ငွေနည်းသည့် အိမ်ထောင်စုတစ်စုအတွက် အဆိုပါရွေးချယ်စရာများ အားလုံးရရှိနိုင်ရန်မှာ မလွယ်ကူနိုင်ပေ။ ထို့ကြောင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်အဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များ၊ ရပ်ရွာခေါင်းဆောင်များနှင့် အိမ်ထောင်စုများအားလုံး ပါဝင်ရပေမည်။ သို့ဖြစ်၍ ဘေးအန္တရာယ်ဒဏ်ကြံ့ကြိုခံနိုင်သောနေအိမ်သည် ချမ်းသာသူများအတွက်သာ ရရှိနိုင်သည့် ဇိမ်ခံပစ္စည်း (Luxury Item) တစ်ခုမဟုတ်ဘဲ လူသားတိုင်းရရှိသင့်သည့် လုံခြုံမှုနှင့် လူမှုဘဝတည်ငြိမ်ရေး၏ အခြေခံအချက်တစ်ရပ်ဖြစ်သင့်သည်။ ထိုအတွက် နိုင်ငံတော်၏ မူဝါဒများ၊ ဒေသဆိုင်ရာစီမံကိန်းများ၊ ငွေကြေးထိုသို့ ဘေးအန္တရာယ်ကိုကြိုတင်သိရှိပြီး သင့်လျော်စွာ ပြင်ဆင်တုံ့ပြန်နိုင်မှသာ နေအိမ်များ၏ ဘေးဒဏ်ကြံ့ကြိုခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်သည် လူတိုင်းအပေါ် တူညီစွာ သက်ရောက်ခြင်းမရှိသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ဝင်ငွေနည်းမိသားစုများအပါအဝင် ထိခိုက်လွယ်သူများအတွက်ပါ လုံခြုံပြီး လက်လှမ်းမီနိုင်သော အိမ်ရာ (Safe and Inclusive Housing) များ ဖြစ်ရန်လိုအပ်သည်။ သဘာဝဘေးအန္တရာယ်သည် အဆောက်အအုံကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ လူဘဝ၊ အသက်မွေးဝမ်းကျောင်းနှင့် အနာဂတ်မျှော်လင့်ချက်များကိုပါ ထိခိုက်စေနိုင်သောကြောင့် လူတစ်ဦးတစ်ယောက်အနေဖြင့် "တတ်နိုင်သော အိမ်" (Affordable House) နှင့် "လုံခြုံသောအိမ်" (Safe House) အကြား ရွေးချယ်ရသည့်အခြေအနေမျိုးမဖြစ်သင့်ပေ။ ထို့ကြောင့် ဘေးဒဏ်ကြံ့ကြိုခံနိုင်ရည်ရှိသောနေအိမ် (Resilient House) တစ်လုံးဆိုသည်မှာ ခိုင်ခံ့သောအဆောက်အအုံတစ်ခုသာမက လူတိုင်း၏လုံခြုံမှုနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသည့် နေအိမ်တစ်လုံး ဖြစ်ရမည်။

"သဘာဝဘေးအန္တရာယ်သည် အဆောက်အအုံကိုသာထိခိုက်စေခြင်းမဟုတ်ဘဲ လူဘဝ၊ အသက်မွေးဝမ်းကျောင်းနှင့် အနာဂတ်မျှော်လင့်ချက်များကိုပါ ထိခိုက်စေနိုင်သောကြောင့် လူတစ်ဦးတစ်ယောက်အနေဖြင့် "တတ်နိုင်သော အိမ်" (Affordable House) နှင့် "လုံခြုံသောအိမ်" (Safe House) အကြား ရွေးချယ်ရသည့် အခြေအနေမျိုးမဖြစ်သင့်ပေ။ ထို့ကြောင့် ဘေးဒဏ်ကြံ့ကြိုခံနိုင်ရည်ရှိသောနေအိမ် (Resilient House) တစ်လုံးဆိုသည်မှာ ခိုင်ခံ့သောအဆောက်အအုံတစ်ခုသာမက လူတိုင်း၏လုံခြုံမှုနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသည့် နေအိမ်တစ်လုံး ဖြစ်. . ."

ပံ့ပိုးမှုများ၊ အာမခံစနစ်များ၊ နည်းပညာအကူအညီများနှင့် အများပြည်သူအသိပညာပေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေရမည်ဖြစ်သည်။

သဘာဝဘေးဒဏ်ကြံ့ကြိုခံနိုင်သောနေအိမ်များဖြစ်ပေါ်လာစေရန် ဆောက်လုပ်ရေးကဏ္ဍ၏ တာဝန်လည်းအရေးကြီးသည်။ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်လုပ်သားများသည် နေအိမ်၏ ရုပ်ပိုင်းဆိုင်ရာခံနိုင်ရည် (Physical Resilience) ကို သတ်မှတ်ပေးသူများဖြစ်သဖြင့် နည်းပညာစံနှုန်းများကို လိုက်နာနိုင်ရန် လေ့ကျင့်သင်ကြားမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Training and Capacity Building) လိုအပ်သည်။ ထို့အတူ အိမ်ရာငွေကြေးပံ့ပိုးမှုနှင့် အာမခံကဏ္ဍများကလည်း ဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားသည့် အန္တရာယ်အသိပေးရင်းနှီးမြှုပ်နှံမှု (Risk-informed Investment) များကို မြှင့်တင်ရန်လိုအပ်သည်။ ရပ်ရွာအနေဖြင့်လည်း ရပ်ရွာအဆင့် ကြိုတင်ပြင်ဆင်မှု (Community Preparedness)၊ ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Community-based Disaster Risk Reduction) နှင့် လူထုပါဝင်သည့် ဒေသအဆင့် စီမံကိန်း (Local Planning) များကို ဆောင်ရွက်ခြင်းဖြင့် နေအိမ်တစ်လုံးချင်းစီ၏ခံနိုင်ရည်ကို ရပ်ရွာတစ်ခုလုံး၏ခံနိုင်ရည်အဖြစ် မြှင့်တင်နိုင်မည်ဖြစ်သည်။

ထို့ပြင် နေအိမ်များဘေးဒဏ်ကြံ့ကြိုခံနိုင်ဖို့နည်းပညာကိုလည်း ထိရောက်စွာ အသုံးချရမည်ဖြစ်သည်။ ဂြိုဟ်တုဓာတ်ပုံများ (Satellite Imagery)၊ ဒီဂျစ်တယ် မြေပုံရေးဆွဲခြင်း (Digital Mapping)၊ မိုဘိုင်းဆက်သွယ်ရေး (Mobile Communication) နှင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း (Data Analytics) တို့ဖြင့် နေအိမ်တည်ရှိရာဒေသ၏ ဘေးအန္တရာယ်အခြေအနေ၊ ထိခိုက်လွယ်မှုနှင့် ရွှေ့ပြောင်းရန်လိုအပ်သည့် အခြေအနေများကို အချိန်မီသိရှိနိုင်သည်။ သို့သော် နည်းပညာမှရရှိသည့် အန္တရာယ်ဆိုင်ရာအချက်အလက် (Risk Information) များကို ဒေသခံများ နားလည်အသုံးချနိုင်မှသာ အကျိုးရှိမည်ဖြစ်သဖြင့် နည်းပညာဆိုင်ရာ အချက်အလက်များကို ဒေသခံအသိပညာ (Local Knowledge) နှင့် ပေါင်းစပ်ပေးရန်လိုအပ်သည်။

ထိုအတွက် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ခြင်း (Emergency Response) တစ်ခုတည်းထက် အန္တရာယ်လျှော့ချခြင်း (Risk Reduction) နှင့် ကြိုတင်ကာကွယ်ခြင်း (Prevention) ကို ပိုမို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ နေအိမ်များမှစတင်၍ သဘာဝဘေးဒဏ်ကိုကြံ့ကြိုခံနိုင်ရန် ဒေသအလိုက်အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အချက်အလက်များ (Hazard and Risk Information) ကို ရရှိစေခြင်း၊ မြေအသုံးချမှုစီမံကိန်း (Land-use Planning) တွင် ထည့်သွင်းအသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံစံချိန်စံညွှန်းများ (Building Standards) ကို လိုက်နာခြင်းနှင့် အိမ်ထောင်စုအဆင့် ကြိုတင်ပြင်ဆင်မှု (Household Preparedness) မြှင့်တင်ခြင်းတို့ကို အစိုးရနှင့်ပြည်သူလက်တွဲပူးပေါင်း၍ ဆက်စပ်ဆောင်ရွက်ရမည်။ ထို့ပြင် သဘာဝဘေးဆိုင်ရာအသိပညာများကို မိသားစုများနှင့် ကလေးလူငယ်များမှအစ သက်ကြီးရွယ်အိုများအထိ ဖြန့်ဝေပေးပြီး နေအိမ်တစ်အိမ်ချင်းစီမှစတင်၍ ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်သည့်အလေ့အထကို တည်ဆောက်ပေးရမည်။ ထိုသို့ နေအိမ်များမှစတင်ကာ သဘာဝဘေးဒဏ်ကို ကြံ့ကြိုခံနိုင်သော မိသားစုများနှင့် ရပ်ရွာများကို တည်ဆောက်နိုင်မှသာ နိုင်ငံတစ်ဝန်း၏ ဘေးဒဏ်ခံနိုင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ နေအိမ်တစ်လုံးဘေးဒဏ်ခံနိုင်ရန် အဆောက်အအုံခိုင်ခံ့မှုသာမက အရေးပေါ်ကာလတွင် ရေ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ မပြတ်တောက်ရေး၊ အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်စီမံထားရေးတို့လည်းလိုအပ်သည်။ ဘေးအန္တရာယ်ကြောင့် အိမ်ရာနှင့်အတူ မိသားစု၏ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းမထိခိုက်စေရန် ငွေကြေးခံနိုင်ရည် (Financial Resilience) ကိုလည်း တည်ဆောက်ထားရမည်။ မြို့ပြနှင့် ကျေးလက်ဒေသအလိုက် အန္တရာယ်နှင့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဒေသအလိုက်ဆောင်ရွက်မှု (Localised Approach) ဖြင့် လုပ်ဆောင်ရန်လိုသကဲ့သို့ ကျောင်းများမှစ၍ သဘာဝဘေးဆိုင်ရာပညာပေးခြင်း (Disaster Education) နှင့် လက်တွေ့လေ့ကျင့်ခြင်း (Disaster Drill) များကိုလည်း မြှင့်တင်ရမည်။ ဘေးဖြစ်ပြီးနောက် နေအိမ်ပြန်လည်တည်ဆောက်ရာတွင်လည်း ပျက်စီးသွားသည့်အတိုင်း ပြန်လည်တည်ဆောက်ခြင်းမဟုတ်ဘဲ တည်ဆောက်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျအသုံးချပြီး ပိုမိုလုံခြုံခိုင်ခံသော နေအိမ်များအဖြစ် ပြန်လည်တည်ဆောက်ခြင်း (Build Back Better) ကို ဦးစားပေးရမည်ဖြစ်သည်။

ထိုသို့ နေအိမ်များမှစတင်၍ ဘေးအန္တရာယ်ကြံ့ကြိုခံနိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးဆိုင်ရာ တရားဝင်သတင်းအချက်အလက်များ (Official Information) ကိုသာ အချိန်မီရယူစောင့်ကြည့်ရန်လိုအပ်သည်။ အထူးသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာတာဝန်ရှိဌာနများမှ ထုတ်ပြန်ပေးသည့် မိုးလေဝသအခြေအနေ၊ သဘာဝဘေးသတိပေးချက်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို မိဘပြည်သူများအနေဖြင့် အလေးထားစောင့်ကြည့်နားထောင်ပြီး အချိန်မီလိုက်နာဆောင်ရွက်ကြရပေမည်။ သတင်းအချက်အလက်သည် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်နိုင်ရန် အရေးပါသည့်အင်အားတစ်ရပ်ဖြစ်သကဲ့သို့ မှန်ကန်သောသတင်းကို အချိန်မီရရှိပြီး လက်တွေ့တုံ့ပြန်နိုင်ခြင်းသည်ပင် အိမ်တစ်အိမ်ချင်းစီ၏ ဘေးဒဏ်ကြံ့ကြိုခံနိုင်ရည် (Resilience) ကို မြှင့်တင်ပေးနိုင်မည့် အခြေခံခြေလှမ်းတစ်ရပ်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း ၎င်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများကို ကြိုတင်ပြင်ဆင်ခြင်း (Preparedness)၊ အန္တရာယ်လျှော့ချခြင်း (Risk Reduction) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်သည်။ ထိုသို့ဘေးဒဏ်ကြံ့ကြိုခံနိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် နိုင်ငံတော်၏မူဝါဒနှင့် သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများအပြင် မိဘပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းစီ၏ပါဝင်မှုသည်လည်း အရေးကြီးသည်။ ထို့ပြင် ဘေးဒဏ်ကြံ့ကြိုခံနိုင်ရန် မိမိနေအိမ်၏အန္တရာယ်ကို သိရှိခြင်း၊ အားနည်းချက်များကို ပြုပြင်ခြင်း၊ အရေးပေါ်အစီအစဉ်များထားရှိခြင်းနှင့် သတိပေးချက်များကို အချိန်မီတုံ့ပြန်နိုင်ခြင်းတို့မှစတင်ရမည်။ အိမ်တစ်အိမ်၏ ဘေးဒဏ်ခံနိုင်ရည်ရှိမှုသည် မိသားစုတစ်စု၏လုံခြုံမှုကိုမြှင့်တင်ပေးပြီး မိသားစုများ၏ ကြိုတင်ပြင်ဆင်မှုသည် ရပ်ရွာ၏ဘေးဒဏ်ခံနိုင်ရည် (Community Resilience) ကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရပ်ရွာများ၏ ဘေးဒဏ်ခံနိုင်ရည်သည် နိုင်ငံတော်၏ ဘေးဒဏ်ကြံ့ကြိုခံနိုင်ရည် (National Resilience) ကို

"သတင်းအချက်အလက်သည် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်နိုင်ရန် အရေးပါသည့်အင်အားတစ်ရပ်ဖြစ်သကဲ့သို့ မှန်ကန်သောသတင်းကို အချိန်မီရရှိပြီး လက်တွေ့တုံ့ပြန်နိုင်ခြင်းသည်ပင် အိမ်တစ်အိမ်ချင်းစီ၏ ဘေးဒဏ်ကြံ့ကြိုခံနိုင်ရည် (Resilience) ကို မြှင့်တင်ပေးနိုင်မည့် အခြေခံခြေလှမ်းတစ်ရပ်ဖြစ် . . ."

ခိုင်မာစေပြီး နိုင်ငံများအကြား အတွေ့အကြုံ၊ နည်းပညာနှင့် သတင်းအချက်အလက်များ မျှဝေပူးပေါင်းခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဘေးဒဏ်ခံနိုင်ရည် (Global Resilience) အထိ တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ဘေးဒဏ်ကြံ့ကြိုခံနိုင်သော အနာဂတ်ကို တည်ဆောက်ရန် အစပြုရမည့်နေရာမှာ အဝေးတစ်နေရာမဟုတ်ဘဲ မိမိတို့၏နေအိမ်များပင်ဖြစ်သည့်အတွက် **"ဘေးဒဏ်ကြံ့ကြိုခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ဟု တိုက်တွန်းနှိုးဆော်ရင်း **၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့**ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော်အောက်တိုဘာ ၁၄

အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ကျောင်းကုန်း)နှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း(ဖြူတ်ခွဲ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကိုကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏



ရင်တွင်းစကားသံများကို လည်းယခုကဲ့သို့ ကြားသိရပါသည်-

"တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက်ကျောင်းသား၊ ကျောင်းသူများအားလုံးဟာ မျိုးချစ်စိတ်တွေ ထက်သန်လာမယ်၊ နိုင်ငံချစ်စိတ်တွေထက်သန်လာမယ်၊ နိုင်ငံကိုကာကွယ်လိုတဲ့ စိတ်တွေဟာ ဧကန်မလွဲဖြစ်လာမှာ အမှန်ပါပဲ။ အခုလို ကျောင်းသား၊ ကျောင်းသူများအားလုံးကို လေ့လာခွင့်ရအောင်လမ်းညွှန်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးနှင့် သမိုင်းပြတိုက်မှာရှိတဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ဒီနေရာကနေပြီးတော့ အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်" ဟုပြောသည်။

"ပြတိုက်ကို လေ့လာတဲ့အခါမှာ တာဝန်ရှိလူကြီးတွေအားလုံးက အစစအရာရာ အသေးစိတ်ရှင်းပြတဲ့အတွက်ကြောင့်မို့လို့ သမီးတို့ကျောင်းသင်ခန်းစာ သမိုင်းဘာသာရပ်ထဲက သင်ကြားရတဲ့စာတွေကို အပြင်မှာ လက်တွေ့သိခွင့်ရတဲ့



အတွက်ကြောင့်မို့လို့ဗဟုသုတတွေ အများကြီးရရှိပါတယ်။ တာဝန်ရှိတဲ့ လူတွေအားလုံး ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ သမီးတို့ဒီလိုမျိုး လာရောက်လေ့လာခွင့်ရအောင်သွားရေးလာရေးအဆင်ပြေအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟုပြောသည်။ **(၁၀၀)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

▲ ကျောဖုံးမှအဆက်

ပြန်လည်ပြုပြင်ခြင်းများကိုဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက်မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှောဧ၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြဲရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာလ ၁၄ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၈ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၆ ဒသမ ၁ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။ **(၁၀၀)**

➨ မလေးရှားနိုင်ငံမှ

ပြန်လည်ခေါ်ဆောင်ခဲ့ရာ အောက်တိုဘာလ ၄ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ ၎င်းတို့အနက်မှ ၁၄၂ ဦးသည် ရန်ကုန်မြို့မှ တစ်ဆင့် မြိတ်မြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မြိတ်ဆိပ်ကမ်း၌ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

ထိုသို့တနင်္သာရီတိုင်းဒေသကြီး အတွင်း နေထိုင်သူ ၁၄၂ ဦးကို ရန်ကုန်မြို့မှ မြိတ်မြို့သို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ပြည် တော် အေး(၄) ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ပြန်လည်ရောက်ရှိလာကြသူများကို ဆိပ်ငယ်ဗောတံတားတွင် နယ်မြေခံတပ်မှတာဝန်ရှိသူ၊ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက နွေးထွေးစွာကြိုဆိုခဲ့ကြကာ ခရိုင်အားကစားခန်းမတွင်



ခေတ္တထားရှိ၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ UID စစ်ဆေးခြင်း၊ e-ID စစ်ဆေးခြင်းနှင့် PSMS စစ်ဆေးခြင်းကို တာဝန်ရှိသူများကဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာမြို့နယ်များထံ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။



မြေပြိုကျ၍ လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ စက်ယန္တရားများအသုံးပြု၍ ပြင်ဆင်ဆောင်ရွက်ပေးစဉ်။

➤ ရှေ့ဖုံးမှအဆက်

ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သောကူညီကယ်ဆယ်ရေးများသည် လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဉ္စသီမော် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ပုံစံငယ်အား ကြည့်ရှုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း
စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများစတင်ပို့လွှတ်မှုအား
Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ ယနေ့ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေးတစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့် စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်း စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေးတစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့်စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်း စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့တွင်စီမံကိန်းပထမအဆင့် (Phase I) စက်ရုံသစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကာယ၊ ဉာဏ်လုပ်သားများ၏ မိတ်ဖက်ကုမ္ပဏီများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရေနံချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း စက်ရုံကို အဆင့်ဆင့်တိုးချဲ့တည်ဆောက် ခဲ့ကြောင်း၊ သို့သော် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်အရည်အသွေးနှင့်စျေးကွက်လိုအပ်ချက်တို့အကြား ကွာဟချက်ရှိပါက အကြောင်းရင်းများကို အချိန်မီဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

စီမံကိန်းဒုတိယအဆင့် (Phase II) နှိပ်ဖွင့်လှစ်ပေးပြီး ပင်မထိန်းချုပ် အတွက် အရေးပါသည့် ခြေလှမ်း ရေနံလုပ်ငန်းဆိုင်ရာ အခြေခံ

❖ ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှုတိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကိုအစားထိုးနိုင်ရန် တစ်ခုတည်းအတွက်မဟုတ်၊ နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့် စီးပွားရေးအကျိုးအမြတ်များရရှိစေရန်လည်းဖြစ်၊ အဆိုပါရည်မှန်းချက်များအမှန်တကယ်အောင်မြင်ရန်အတွက် ကုန်ကြမ်းဝယ်ယူမှုမှစတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအထိ အဆင့်ဆင့် တိုင်းတွင် ကုန်ကျစရိတ်များကို ခြုံငုံသုံးသပ်ပြီး ထိရောက်စွာစီမံခန့်ခွဲသွားကြရန်လို . . .

ခန်းအတွင်း ကြည့်ရှုစဉ်ဆေးကာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် သန်လျင်ရေနံချက်စက်ရုံအတွင်း ဘာဂီယင်ဒင်းများဖွင့်လှည့်လည်ကြည့်ရှုစဉ်ဆေးကြပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီများ ထုတ်လုပ်သည့် နည်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအဆိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် စက်ရုံတစ်ရုံတည်ဆောက်ပြီးစီးမှုကို ဂုဏ်ပြုသည့် မှတ်တိုင်တစ်ခုသာမက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သည့် စွမ်းအင်လုံခြုံမှုကို တည်ဆောက်ရန်တို့ တစ်ရပ်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ကြီးဌာန၏နှစ်(၄၀)ပြည့်ပတ္တမြောက် ရတုအခမ်းအနားနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့်အခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့သကဲ့သို့ ယနေ့တွင်လည်း ရေနံချက်စက်ရုံသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာနအတွက် ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုကိုအခြေခံပြီး နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေနံလုပ်ငန်းနှင့်ပတ်သက်ပြီး ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့ကြောင်း၊ သမိုင်းမှတ်တမ်းများအရ ၁၈၇၁ ခုနှစ်ကတည်းက **"ရန်ကုန်ရေနံကုမ္ပဏီ"** အမည်ဖြင့် ရေနံချက်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီလီမိတက်က တစ်ရက်ကို ရေနံစိမ်း ဂါလန် ၈ သိန်းချက်လုပ်နိုင်သည့် သန်လျင်ရေနံချက်စက်ရုံကို တည်ဆောက်ခဲ့ပြီး ပြည်တွင်းရေနံမြေများက ရရှိသည့်ရေနံစိမ်းများကို ပိုက်လိုင်းများဖြင့် ပို့ဆောင်ချက်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဟန်ချက်မညီပါက စက်ရုံတည်ရှိနေရုံဖြင့် ရေရှည်အောင်မြင်မှုကို မရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့အားလုံးကို အသိအမှတ်ပြုဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စက်ရုံလည်ပတ်မှု၊ လက်တွေ့ထုတ်လုပ်နိုင်မည့်ပမာဏ၊ ထုတ်ကုန်အမျိုးအစား၊ ပြည်တွင်းစျေးကွက်လိုအပ်ချက်နှင့် ကုန်ကြမ်း

စာမျက်နှာ ၁၆ သို့ ★

★ **ရှေ့ဖုံးမှအဆက်**

ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ရောက်ရှိလာရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူလေးများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွေးနုံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စက်ရုံပင်မထိန်းချုပ်ခန်းအတွင်းရှိ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ပုံစံငယ်နှင့် ယခင်သန်လျင်ရေနံချက်စက်ရုံ၏ ခေတ်အဆက်ဆက်မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများအားကြည့်ရှုရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများစတင်ပို့လွှတ်မှုအား Digital နည်းပညာဖြင့် စက်ခလုတ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့် စီးပွားရေးအကျိုးအမြတ်များ ရရှိစေရန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရည်မှန်းချက်များအမှန်တကယ်အောင်မြင်ရန်အတွက် ကုန်ကြမ်းဝယ်ယူမှုမှ စတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအထိ အဆင့်ဆင့်တိုင်းတွင် ကုန်ကျစရိတ်များကို ခြုံငုံသုံးသပ်ပြီး ထိရောက်စွာ စီမံခန့်ခွဲသွားကြရန် လိုအပ်ကြောင်း။

စွမ်းအင်လုံခြုံမှုရှိစေရန် ပြည်ပက စွမ်းအင်နှင့် ကုန်ကြမ်းများကို အလွန်အမင်း မှီခိုနေရခြင်းကို လျှော့ချရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သင့်လျော်သလို ပေါင်းစပ်အသုံးပြုရန်၊ စွမ်းအင်သိုလှောင်နိုင်မှုနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်လည်းလိုအပ်ကြောင်း၊ တစ်ချိန်တည်း၌ပင် စွမ်းအင်ကို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် စက်ရုံပုံစံငယ်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အောင်မြင်စွာအကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ပညာရှင်များအား အမှတ်တရဂုဏ်ပြုသစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။

❖ ထုတ်လုပ်မှုရည်မှန်းချက်များပြည့်မီအောင်ဆောင်ရွက်ရာတွင်လည်း ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကို အလျှော့ပေး၍မရ၊ ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာကြရန်လိုအပ်၊ အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများကိုလည်း အချိန်မီသတင်းပို့တင်ပြနိုင်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို အားလုံးဝိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ် . . .

★ **စာမျက်နှာ ၁၅ မှ**

ရရှိနိုင်မှုတို့ကိုအခြေခံပြီး စီမံကိန်း၏အကျိုးဖြစ်ထွန်းမှုကို သေချာစွာ စိစစ်သွားကြရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် အလေးထားမှာကြားလိုသည်မှာ စက်ရုံစွမ်းရည်တိုးမြှင့်ရေးနှင့်အတူ စက်ရုံ၏ရေရှည်လည်ပတ်နိုင်စွမ်း၊ စီးပွားရေးအရအကျိုးရှိမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို တစ်ပြိုင်တည်းမြှင့်တင်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်ကို အထည်ဖော်နိုင်ရန် ပထမလိုအပ်ချက်မှာ ရေနံစွမ်းကုန်ကြမ်းလုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ စက်ရုံစွမ်းရည်မည်မျှပင်မြင့်မြင့် ကုန်ကြမ်းမလုံလောက်ပါက သတ်မှတ်ထားသည့် ထုတ်လုပ်မှုရည်မှန်းချက်များကို မပြည့်မီနိုင်သောကြောင့် ပြည်တွင်းရေနံထုတ်လုပ်မှုတိုးမြှင့်ရေး၊ ရရှိနိုင်သည့် ရေနံစွမ်းများကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် လိုအပ်သည့် ကုန်ကြမ်းများကို စဉ်ဆက်မပြတ်ရရှိနိုင်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းကထုတ်လုပ်သည့်ရေနံစွမ်းနှင့် ပြည်ပကရရှိနိုင်သည့် ကုန်ကြမ်းများကို ပေါင်းစပ်စီမံခန့်ခွဲပြီး စက်ရုံများ၏လိုအပ်ချက်နှင့်ကိုက်ညီအောင် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရုံဖြင့် ပြည်သူများအတွက် အကျိုးကျေးဇူးအပြည့်အဝရရှိမည်မဟုတ်ကြောင်း၊ ထုတ်ကုန်များကို အချိန်မီနှင့် ထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်၊ ကုန်ကျစရိတ်များကိုလည်း ထိန်းချုပ်နိုင်ရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှုတိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက်မဟုတ်ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အလေအလွင့်မရှိဘဲ ထိရောက်စွာ အသုံးပြုနိုင်ရေးကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့စွမ်းအင်ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက နည်းပညာနှင့် စွေးကွက် အခြေအနေများသည် အလျင်အမြန်ပြောင်းလဲတိုးတက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်ရှိစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ခုစလုံးကို ဟန်ချက်ညီညီ စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ စွမ်းအင်အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးချသွားရမည်ဖြစ်သကဲ့သို့





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

❖ **လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝအတွက် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နေ၊ စွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိရေး၊ နည်းပညာနှင့်လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီဆောင်ရွက် . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက် (Energy Museum) အတွင်း ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ကို တွေ့ရစဉ်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာအသစ်များ ဖော်ထုတ်အသုံးချရေးတို့ကိုလည်း တစ်ပြိုင်နက်တည်းအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီရေနံချက်နည်းပညာများကို လက်တွေ့အကျိုးရလဒ်ရရှိအောင် အသုံးချသွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် ရေနံချက်လုပ်ငန်းသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံလည်ပတ်မှုအဆင့်တိုင်း၌ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်စိစစ်ရန်၊ မီးဘေးနှင့်အရေးပေါ်အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန်၊ စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန်နှင့်ရေဆို၊ လေထုညစ်ညမ်းမှုများကို ထိန်းချုပ်ရန် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် လုပ်ငန်းကို ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံစွာလည်ပတ်နိုင်ရန် မဖြစ်မနေလိုအပ်သည့် အခြေခံကျကျလိုက်နာကြရန်လိုအပ်ကြောင်း၊ ထို့အပြင် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများကိုလည်း အချိန်မီသတင်းပို့တင်ပြနိုင်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို အားလုံးပိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

စက်ရုံတစ်ရုံ ရေရှည်အောင်မြင်ရန်အတွက် စက်ပစ္စည်းနှင့်နည်းပညာများ ခေတ်မီရုံဖြင့် မလုံလောက်ဘဲ အဆိုပါနည်းပညာများကို ထိထိရောက်ရောက် အသုံးချနိုင်သည့် ပြည်တွင်းပညာရှင်များနှင့်ကျွမ်းကျင်လုပ်သားများရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အလားတူ ဒီဂျစ်တယ်စနစ်များ၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် ဉာဏ်ရည်တု(AI) နည်းပညာများကိုလည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့်နေရာများတွင် အသုံးချသွားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စက်ပစ္စည်းများ မချွတ်ယွင်းမီ ကြိုတင်ခန့်မှန်းနိုင်ရန်၊ စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရန်၊ ထုတ်လုပ်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန်နှင့်ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်ဖော်ထုတ်နိုင်ရန် ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လည်း ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို အလျော့ပေးမခံမရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း အသိပေးဆွေးနွေးတိုက်တွန်းခဲ့ကြောင်း သိရှိရသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုကို အခြေခံပြီး နောက်ဆက်တွဲစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များနှင့် လုပ်သားများအား လုံးဝ၏ ကြိုးစားအားထုတ်မှုကိုအသိအမှတ်ပြုချီးကျူးလိုပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် စီမံကိန်းအဆင့်များကိုလည်း ယခုကဲ့သို့ပင် ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေနံချက်လုပ်ရေးနှင့် ရေနံဓာတုဗေဒကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရာတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် ရေရှည်အကျိုးရှိမှုကို အဓိကထားပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသည့် ရလဒ်များရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ"** ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် စွမ်းအင်ဖွံ့ဖြိုးရေးတို့ကိုအခြေခံပြီး လုပ်ငန်းစဉ်တစ်ခုချင်းစီကို စနစ်တကျ၊ အစီအစဉ်တကျဖြင့် ခိုင်ခိုင်မာမာဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဝန်ထမ်းများအားလုံး၏ စုစည်းညီညွတ်သည့် အင်အား၊ တာဝန်ယူမှု၊ ဆန်းသစ်တီထွင်လိုစိတ်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေရန်နှင့် **"စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး"** ဟူသော ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များကို အောင်မြင်စွာဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) **စာမျက်နှာ ၁၈ သို့** ★

★ **စာမျက်နှာ ၁၇ မှ**

အကောင်အထည်ဖော်တည်ဆောက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်စက်ရုံပုံစံငယ်အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)အောင်မြင်စွာအကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ပညာရှင်များအား အမှတ်တရ ဂုဏ်ပြုသစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) တည်ဆောက်မည့်နေရာသို့ သွားရောက်ကြပြီး သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ အပိုင်း(၂)အား ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက်(Energy Museum) အတွင်း ပြသထားသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသမိုင်းကြောင်းဆိုင်ရာ ပြကွက်များနှင့် ပစ္စည်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်

မြဝတီ အောက်တိုဘာ ၁၄

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို အမှတ်(၄)ရပ်ကွက်ရှိ တောင်တန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေနိုင်သည့် သုတ၊ရသ စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုနိုင်ခြင်း၊ စာဖတ်သည့် အလေ့အထများ တိုးပွားလာစေနိုင်ခြင်း၊ မိမိဖတ်ရှုလိုသည့် စာအုပ်၊ စာစောင်များကို စာကြည့်တိုက်သို့ သွားရောက်၍ ရှာဖွေဖတ်ရှုတတ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် သုတ၊ ရသ စာအုပ်၊ စာစောင် ၁၅၅ အုပ်ကို သယ်ဆောင်၍ သွားရောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Grade-3 မှ ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ (၄၀၆)

လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ချီကယ်)နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချီကယ်)တို့ရှိ စာသင်ဆောင်များကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ

လွိုင်ကော် အောက်တိုဘာ ၁၄

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကယားပြည်နယ် လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ချီကယ်)နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ချီကယ်)တို့ရှိစာသင်ဆောင်များကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အခြေခံပညာ အထက်တန်းကျောင်း (ချီကယ်) ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၁၄၀၊ ပေ ၃၀ RCC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တစ်ထပ်ကျောင်းဆောင် ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအံ့မော်သည်ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချီကယ်) စာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှုနှင့် ဆက်လက်ပြုပြင်ရမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့နာမ်ရွှေစေတီရှိ စေတီတော်ဂန္ဓကုဋိတိုက်၊ ဗုဒ္ဓမြတ်စွယ်တော်တိုက်နှင့် စေတီတော်ပရိဝုဏ်အတွင်း ကြည့်ရှုစစ်ဆေးပြီး မြို့နာမ်ရွှေစေတီတော်သည် လွိုင်ကော်မြို့ ကျက်သရေဆောင်ဖြစ်သည့်အတွက် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုနိုင်ရေးအတွက် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရန် မွန်ရေးစီစဉ်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပေးရေးနှင့် သောက်သုံးရေသန့်ရှင်းစီစဉ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် လိုအပ်သည်များကို အပြည့်အဝစီစဉ်ဆောင်ရွက်ပေးရန်၊ သောက်သုံးရေသန့်နှင့် ကျန်းမာရေးဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီဖြစ်စေရေး အမြဲမပြတ် ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင်ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အပူဒဏ်အန္တရာယ်မှ ပြည်သူများအားကာကွယ်စောင့်ရှောက်နိုင်ရေး မုဒုံမြို့ လေးထပ်သာသနာ့ဗိမာန်တော်၌ အပူရှောင်စခန်းဖွင့်လှစ်ထားရှိ

မော်လမြိုင် အောက်တိုဘာ ၁၄

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်မှ ပြည်သူများအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မုဒုံမြို့ လေးထပ်သာသနာ့ဗိမာန်တော်၌ အပူရှောင်စခန်းဖွင့်လှစ်ထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အပူရှောင်စခန်းအတွင်း လေဝင်လေထွက်ကောင်းမွန်စွာ ဆောင်ရွက်ထားရှိမှု၊ ဆေးဝါးကုသမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုနှင့် ကျန်းမာရေးဝန်ထမ်းများအား

မှတ်စုတို

ရေပေါ်ဆိုလာစနစ် (Floating Solar System)

မောင်မောင်စွယ်စုံထွန်း

ရေပေါ်ဆိုလာစနစ် (Floating Solar System) ဆိုသည်မှာ ရေကန်၊ ရေလှောင်တမံ သို့မဟုတ် မြစ်ချောင်းများပေါ်တွင် ဆိုလာပြားများကို မျောပါစေပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် စနစ်တစ်ခုဖြစ်သည်။

ရေပေါ်ဆိုလာစနစ်၏ အဓိကအကျိုးကျေးဇူးများ

- **မြေနေရာမလိုခြင်း** – ကုန်းပေါ်တွင် မြေနေရာယူစရာမလိုဘဲ ရှိရင်းစွဲ ရေပြင်များကို အသုံးချနိုင်ခြင်း။
- **စွမ်းဆောင်ရည် ပိုကောင်းခြင်း** – ရေအေးဓာတ်ကြောင့် ဆိုလာပြားများ အပူချိန်မလွန်ကဲဘဲ လျှပ်စစ်ထုတ်လုပ်မှု ပိုမို အားကောင်းခြင်း။
- **ရေအင်ဂျင်ပြန်မှုကို လျှော့ချပေးခြင်း** – ရေမျက်နှာပြင်ကို ဆိုလာပြားများ ဖုံးအုပ်ထားသဖြင့် ရေကန်နှင့် တမံများမှ ရေအင်ဂျင်ပြန်ဆုံးရှုံးမှုကိုသက်သာစေခြင်း။ မြန်မာနိုင်ငံတွင်လည်း ပဲခူးမြို့ မဇ္ဈိမ ရေလှောင်ထမံကဲ့သို့နေရာများတွင်ရေပေါ် ဆိုလာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။


ရေပေါ်နေရောင်ခြည်ဆိုလာအားတပ်ဆင်ခြင်း

Solar Mounting PV Floating စနစ်သည် ရေမျက်နှာပြင်ပေါ်ရှိ photovoltaic (PV) ပြားများကို ထောက်ပံ့ရန် ဒီဇိုင်းထုတ်ထားသော ခေတ်မီပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြေရှင်းချက်တစ်ခုဖြစ်သည်။ ရေကန်များ၊ ရေလှောင်ကန်များနှင့် အခြားရေပြင်များကိုအသုံးပြုခြင်းဖြင့် ဤ floating solar mounting စနစ်သည် အဖိုးတန်မြေယာအရင်းအမြစ်များကို ထိန်းသိမ်းနေစဉ်တွင် စွမ်းအင်ထုတ်လုပ်မှုကို အမြင့်ဆုံးဖြစ်စေသည်။ တာရှည်ခံပြီး ရာသီဥတုဒဏ်ခံနိုင်သော ပစ္စည်းများဖြင့် တည်ဆောက်ထားသောကြောင့် ကြီးမားသော နေရောင်ခြည်စွမ်းအင် စီမံကိန်းများအတွက် တည်ငြိမ်ပြီး ထိရောက်သော ပလက်ဖောင်းတစ်ခုကိုပေးစွမ်းသည်။ စီးပွားဖြစ်၊ စက်မှုလုပ်ငန်းနှင့် ဓာတ်အားလိုင်းပြင်ပ အသုံးချမှုများအတွက် အသင့်တော်ဆုံးဖြစ်သော Solar Mounting PV Floating စနစ်သည် သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုအတွက် ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်တစ်ခုဖြစ်သည်။

ဆိုလာ PV ရေပေါ်တပ်ဆင်ခြင်း၏ ကောင်းမွန်သည့် အင်္ဂါရုပ်များ

(၁) အကောင်းဆုံးဖြစ်အောင်ရေပေါ်နေရောင်ခြည် ထောက်ပံ့မှု

အဆိုပါ ဆိုလာတပ်ဆင်ခြင်း PV ရေပေါ် စနစ်သည် PV ပြားများကို လုံခြုံစွာထိန်းထားပြီး နေရောင်ခြည်ကို ထိရောက်စွာ ဖမ်းယူနိုင်စေရန်



အကောင်းဆုံးထောင့်တွင် ထားရှိပေးသည်။ ၎င်း၏ ရေပေါ်မျောနေသောဖွဲ့စည်းပုံသည် ရေအခြေအနေ ပြောင်းလဲနေချိန်တွင်ပင် တည်ငြိမ်မှုကို သေချာစေသည်။

(၂) တာရှည်ခံပြီး ရာသီဥတုဒဏ်ခံနိုင်သော ပစ္စည်းများ

ခရမ်းလွန်ရောင်ခြည်ဒဏ်ခံနိုင်သော၊ သံချေးမတက်သောပစ္စည်းများဖြင့် ပြုလုပ်ထားသောကြောင့် စနစ်သည် လေပြင်းတိုက်ခတ်မှု၊ လှိုင်းကြီးများနှင့် အပူချိန်အတက်အကျအပါအဝင် ပြင်းထန်သောရာသီဥတုအခြေအနေများကိုခံနိုင်ရည်ရှိသောကြောင့် ရေရှည်စွမ်းဆောင်ရည်ကို သေချာစေသည်။

(၃) ပိုမိုမြင့်မားသောစွမ်းဆောင်ရည်အတွက် ပိုမိုကောင်းမွန်သောအအေးပေးသည့်အာနိသင်

နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရန်အတွက် ရေမျက်နှာပြင်များကို အသုံးပြုခြင်းဖြင့် ဤစနစ်သည် ရေငွေ့ပြန်ခြင်းကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ပေးခြင်းနှင့် ရေညှိများ အလွန်အကျွံကြီးထွားမှုကို ဟန့်တားပေးခြင်းဖြင့် မြေအသုံးပြုမှုကို လျှော့ချပေးပြီး ရေနေဂေဟစနစ်ကို ထိန်းသိမ်းရန် ကူညီပေးသည်။

(၄) ပိုမိုမြင့်မားသောစွမ်းဆောင်ရည်အတွက် ပိုမိုကောင်းမွန်သောအအေးပေးသည့်အာနိသင်

ရေ၏သဘာဝအအေးပေးသည့်အာနိသင်သည် ဆိုလာပြားများ၏အပူချိန်ကို ထိန်းညှိပေးရန်၊ အပူလွန်ကဲခြင်းကြောင့်စွမ်းအင်ဆုံးရှုံးမှုကို လျှော့ချပေးခြင်းနှင့် မြေပြင်အခြေပြုဆိုလာတပ်ဆင်မှုများနှင့် နှိုင်းယှဉ်ပါက အလုံးစုံစွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေသည်။

ဆိုလာရေပေါ်စနစ်၏အကျိုးကျေးဇူးများ

• ရေပေါ်ဆိုလာခြံများ

ရေလှောင်ကန်များ၊ ရေကန်များနှင့် အခြားရေပြင်များတွင် ကြီးမားသော နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုအတွက် အသင့်တော်ဆုံးဖြစ်ပြီး နေရာအသုံးချမှုနှင့် စွမ်းအင်ထွက်ရှိမှုကို အများဆုံးဖြစ်စေသည်။

• စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးစွမ်းအင်စီမံကိန်းများ

ရုရှိနိုင်သောရေအရင်းအမြစ်များကိုအကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေစဉ်တွင် ရေရှည်တည်တံ့သော စွမ်းအင်ဖြေရှင်းချက်များကို ရှာဖွေနေသော စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ပြီးပြည့်စုံသည်။

• ရေသန့်စင်ခြင်းနှင့် salination အပင်များ

ရေဆိုးသန့်စင်ခြင်းနှင့် ဆားငန်ရေသန့်စင်ခြင်း လုပ်ငန်းစဉ်များကို လည်ပတ်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ပံ့ပိုးပေးပြီး လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များနှင့် ကာဗွန်ခြေရာကို လျှော့ချပေးသည်။

• စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး

နေ့စဉ်အသုံးပြုရန်အတွက် သန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်ကို ထောက်ပံ့ပေးခြင်းဖြင့် ဆည်မြောင်းစနစ်များနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို ပံ့ပိုးပေးသည်။

အချုပ်အားဖြင့်ဆိုရသော်မြန်မာနိုင်ငံသည် Floating Solar ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့်အရင်းအမြစ်များပေါကြွယ်ဝပြီး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ပါက နိုင်ငံတော်လျှပ်စစ်ဓာတ်အားသုံးစွဲမှုအတွက်လည်း များစွာအကျိုးရှိသည်။ ရေလှောင်တမံများတွင် Floating Solar ရေပေါ်ဆိုလာစနစ်ဖြင့် အသုံးပြုပါက ရေလှောင်တမံအတွင်း ရေငွေ့ပြန်မှုလျော့နည်းကာ စိုက်ပျိုးရေပေးဝေမှုကို ထိခိုက်နိုင်မှုမရှိသည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်သည်။ ရေလှောင်တမံများစွာလည်းရှိနေသဖြင့် Floating Solar ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းများအားစီမံချက်များ ချမှတ်ဆောင်ရွက်သွားနိုင်မည်ဆိုပါက နိုင်ငံအတွက်လျှပ်စစ်စွမ်းအင်အားပြည့်ဝစွာဖူလုံစွာရရှိနိုင်ရန်ကာလမှာ မဝေးကွာလှတော့ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကျင်းပ



နတ်မောက် အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများစာဖတ်သည့်အလေ့အထများပြုစုပျိုးထောင်ပေးနိုင်ရေး၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းများဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုရည်ရွယ်၍ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်သည့် အင်္ဂလိပ်စာများကိုယှဉ်ပြိုင်ကြသည်။

ထို့နောက်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် အကောင်းဆုံးဖတ်ရှုယှဉ်ပြိုင်နိုင်သည့် ကျောင်းသား၊ ကျောင်းသူများကိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်းသိရသည်။

လှဝင်း

အမရပူရမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

အမရပူရ အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီးအမရပူရမြို့နယ်အတွင်း အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးတို့ကိုရည်ရွယ်၍ အမရပူရမြို့နယ်မီးသတ်ဦးစီးဌာနသည် မှန်တန်းရပ်ကွက် ဝက်ကုန်းရပ်၌ အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးသတိမူရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပူးပေါင်းဆောင်ရွက်ကြောင်းသိရသည်။ **လွဲလွဲခိုင်**

MWD Education, Knowledge & Sports Channel

၁၅-၁၀-၂၀၂၆ (ကြာသပတေးနေ့)

၁။	၀၇:၀၀	– ၀၈:၃၀	Grade – 9	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်(၁)
၂။	၁၅:၃၀	– ၁၆:၁၅	Grade – 9	သချာ်(၁)၊ သချာ်(၂)၊ ပထဝီဝင်
၃။	၁၆:၁၅	– ၁၈:၃၅	Grade – 9	သမိုင်း၊ သိပ္ပံ

M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)နောက်ဆုံးနေ့ပွဲစဉ်များကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)နောက်ဆုံးနေ့ပြိုင်ပွဲများကို ယနေ့ည နေပိုင်းတွင် သတ်မှတ်အားကစားကွင်းအသီးသီး၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်စီးတီးအသင်း၊ ISPE အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲရရှိကြသည်။

တောင်ဒဂုံအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည့် အဆင့်(၈) နေရာမှ ရန်ကုန်စီးတီးအသင်းနှင့် အဆင့်(၅)နေရာမှ ရတနာပုံအသင်း တို့ပွဲတွင် အပြန်အလှန်တိုက်စစ်များဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံအသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးရသော်လည်း ဘောလုံးအပျက်များ၍ ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရပြီး ပွဲကစားချိန် ၁၀ မိနစ်တွင် ထက်အာကာဝင်းက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ခြင်းကြောင့် ပထမပိုင်းအပြီးတွင် ရန်ကုန်စီးတီးအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကို



ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်ရတနာပုံအသင်း လူစားလဲမှုများပြုလုပ်ပြီး ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ရန်ကုန်စီးတီးအသင်းနောက်တန်းကို ထိုးဖောက်နိုင်ခြင်းမရှိဘဲ ရန်ကုန်စီးတီးအသင်းကသာ ပွဲကိုစိုးမိုးထိန်းချုပ်ကစားခဲ့ပြီးထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပွဲပြီးဆုံးချိန်တွင် ၁ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းက အနိုင်ရရှိသွားသည်။

ထို့ပြင် ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၁)နေရာမှ ဟံသာဝတီယူနိုက်တက်အသင်းနှင့်အဆင့်(၁)နေရာမှ ISPE အသင်း ပွဲစဉ် ပွဲကစားချိန် ၁၈ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက ISPE အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ၁ ဂိုး ဂိုးမရှိဖြင့် ISPE အသင်းက ပွဲကို ဦးဆောင်ထားသည်။ ဒုတိယပိုင်း ပွဲကစားချိန် ၆၅ မိနစ်တွင် ဇင်မင်းဟန်က ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၇၁ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက ဒုတိယဂိုးနှင့် ပွဲကစားချိန် ၇၄ မိနစ်တွင် ချစ်ရင်ထူးက တတိယဂိုးများ ISPE အသင်းအတွက် ထပ်မံသွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲအပြီးတွင် ၃ ဂိုး ၁ ဂိုးဖြင့် ISPE အသင်းကအနိုင်ရရှိခဲ့သည်။

ထို့အတူသီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၃)နေရာမှ မြဝတီအသင်းနှင့် အဆင့်(၁၂)နေရာမှ စစ်ကိုင်းယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ပထမပိုင်း၌ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားသည်။ ဒုတိယပိုင်းတွင် အပြန်အလှန်တိုက်စစ်မြှင့်ကစားကြရာ မြဝတီအသင်းကနှစ်ဂိုးနှင့် စစ်ကိုင်းယူနိုက်တက်အသင်းက တစ်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ



အက်သလက်တီကိုမက်ဒရစ်အသင်း မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၄

UEFA Champions League ပွဲစဉ်(၂)ကို ယနေ့နံနက် ၁ နာရီခွဲတွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ပွဲကစားချိန် ၄၇ စက္ကန့်တွင် အဲလက်စ်ဗေနာ၏ဖန်တီးပေးပို့မှုမှတစ်ဆင့် ဘတ်ကျိယိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ထို့နောက် ဦးဆောင်ဂိုးခွင့်ပြုပေးရပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အက်သလက်တီကိုမက်ဒရစ်အသင်းဂိုးသမားက လက်စွမ်းပြကာကွယ်ခဲ့သောကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ၁ ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန် ၇၄ မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းနောက်ခံလူ လင်နီယိုရိုက တိုက်ရိုက်အနီကတ်နှင့် ထုတ်ပယ်ခံရသည့်အတွက် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မြှင့်ကစားခဲ့ပြီး တောင်ပံတိုက်စစ်ကစားသမားလွတ်မန်းက ပွဲကစားချိန် ၇၉ မိနစ်တွင် ဒုတိယမြောက် ဂိုးသွင်းယူပေးခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ZMO

စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၃၅ ဦးကို အရေးယူဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် ခုံးကျော်တံတား၊ မြေအောက်လမ်း၊ လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသောနေရာများမှ ဖြတ်သန်းသွားလာရန်နှင့် စည်းကမ်းမဲ့ဖြတ်သန်းသူများကို အရေးယူဆောင်ရွက်လျက်ရှိရာ နှစ်ရက်အတွင်း စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူ ၃၅ ဦးကို အရေးယူဆောင်ရွက် ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၁၂ ရက်တွင် ရန်ကုန်မြို့ ဆူးလေခုံးကျော်တံတား အောက်မှ လမ်းဖြတ်ကူးကြသည့် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ကိုးဦးကိုလည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်တွင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး သုံးဦးတို့ကိုလည်းကောင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ အရေးယူဆောင်ရွက်ခဲ့သည်။

"ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ အများပြည်သူခရီးသွားလာရာမှာ အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုလိုဆောင်ရွက်မှုအပေါ် လူမှုကွန်ရက်မှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အားပေးထောက်ခံသူအားလုံးကို ကျေးဇူးတင်ပါတယ်။ လမ်းအသုံးပြုသူပြည်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ဖြတ်သန်းသွားလာကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမိုးဝင်းကပြောသည်။

ထိုသို့စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို အရေးယူဆောင်ရွက်မှုကြောင့် ရက်ပိုင်းအတွင်း ခုံးကျော်တံတားများကို အသုံးပြုဖြတ်သန်းသွားလာသူ များပြားလာလျက်ရှိပြီး ခုံးကျော်တံတားအောက်မှ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူအရေအတွက် လျော့ကျသွားကြောင်း သိရသည်။

သစ္စာ(MNA)

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၄

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း (၈၃ ဒသမ ၀၀၁) တန်၊ သစ်မာ (သုည ဒသမ ၄၅၄၄) တန်၊ အခြား (၇၅ ဒသမ ၉၈၇၀)တန်၊ စုစုပေါင်း(၁၅၉ ဒသမ ၄၄၂၆)တန်၊ ယာဉ်/ယန္တရား (၁၀)စီး၊ တရားခံ (၁၄) ဦး ဖမ်းဆီးရမိခဲ့ခြင်းနှင့် သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

(၁၄-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၁၇ ~ ၅၁၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၀၇၃,၄၄၄.၉၀	၃,၅၂၅,၅၇၁.၉၀	၂၂,၉၄၅,၅၂၆.၈၀	-

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၉၅	၄၇၅၀	၄၇၀၀	၄၆၁၀	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၈၀	၅၀၄၅	၅၀၀၅	၄၇၀၀	၄၈၆၀	၄၇၉၀	၄၇၅၀	၄၇၆၀	၄၉၉၀
95 Ron	၄၇၇၀	၄၉၂၅	၄၈၀၅	၄၇၈၅	၄၉၃၀	၄၉၄၀	၄၉၇၅	၄၈၅၅	၅၂၂၅	၅၀၇၅	၄၉၀၅	၅၀၁၀	၄၉၆၅	၄၉၂၅	၄၉၃၅	၅၁၆၅
HSD (500 ppm)	၄၅၈၀	၄၇၃၀	၄၆၈၅	၄၅၉၅	၄၇၃၅	၄၇၅၀	၄၇၈၀	၄၆၆၅	-	၅၀၄၅	၄၆၈၅	၅၂၂၀	၄၇၇၀	၄၇၃၀	၄၇၄၀	၄၉၆၀
HSD (50 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅	၆၀၃၀	၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀
HSD (10 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅		၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၆၇	၄၄၈၈
95 Ron	၄၅၃၇	၄၆၆၂
HSD (500 ppm)	၄၃၃၁	၄၄၈၈
HSD (50 ppm)	၅၃၂၀	၅၄၅၇
HSD (10 ppm)	၅၃၂၀	၅၄၅၇

MYAWADY IN ENGLISH DAILY EDITION

President of the Republic of the Union of Myanmar U Min Aung Hlaing delivers address at opening ceremony of Thanlyin Oil Refinery (Phase-1) of the Ministry of Electric Power and Energy





President U Min Aung Hlaing commissions the Thanlyin Oil Refinery through digital technology.



President U Min Aung Hlaing observes displays at the exhibition room.



President U Min Aung Hlaing sprinkles scented water on the plaque.

NAY PYI TAW October 14

Opening ceremony of Thanlyin Oil Refinery (Phase-1) of the Ministry of Electric Power and Energy took place at the refinery in Thanlyin this morning. President of the Republic of the Union of Myanmar U Min Aung Hlaing commissioned the refinery into service and delivered an address.

Also present were union ministers U Khin Maung Yi, U Mya Tun Oo, Dr. Soe Win, Dr. Thet Thet Zin, U Min Naung, U Ko Ko Lwin,Dr. Charlie Than, U Myo Thant,the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, deputy ministers, retired senior officers and retired factory managers from Myanmar Oil and Gas Enterprise, nationality enterprises, artists from Thanlyin Refinery Company and its associate companies, staff of Thanlyin Refinery, and honoured guests.

On arrival at the refinery, the President was warmly welcomed by Union Minister for Electric Power and Energy U Ko Ko Lwin and staff and students.

At the first part of the ceremony, Union Minister at the President's Office U Khin Maung Yi,

SEE PAGE - 22



Opening ceremony of the Thanlyin Oil Refinery (Phase-1) in progress.

President of the Republic of the Union of Myanmar U Min Aung Hlaing inspects operational capacity and potential expansion of Myanmar's port sector



President U Min Aung Hlaing hears reports on projected operational plans to upgrade Toegyaunggalay–Thilawa railway line into a dual track.

NAY PYI TAW October 14

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by union ministers, the Chief Minister of Yangon Region, senior military officers from the Office of the Commander-in-Chief, the Commander of Yangon Command, deputy ministers, and relevant officials, toured Yangon Region this afternoon to inspect the operational capacity and potential expansion of Myanmar's port sector.


First, at Thilawa Railway Station, Union Minister for Transport U Mya Tun Oo briefed the President on data concerning the existing Toegyaunggalay–Thilawa railway section, sectional surveying works, and projected operational plans to upgrade the line into a dual track. He also presented details regarding Thanlyin Bridge No. 1, design schemes for dual-track entry into the Thilawa station yards, proposed yard expansions, and the completion status of ongoing upgrades and repairs along the existing route.

In response, the President stated that Thilawa Port is one of the nation's key ports. He explained that upgrading the Toegyaunggalay –Thilawa rail section to a dual track aims to facilitate the swift, smooth, and cost-effective distribution of freight from Thilawa Port and the Thilawa Special Economic Zone. He instructed officials to conduct systematic ground-level surveys and engineering calculations along the planned alignment to ensure proper structural execution at bends, gradients, and bridge crossings. He also underscored the need to extend the railway directly into the Thilawa Port precinct, initiate early preparatory works—such as site clearance, earthworks, bridge construction, and ballast quarrying along the expanded route—and incorporate advance technical planning to accommodate electric trains in the future.

The President then inspected the completed track maintenance and replacement works at the Thilawa station yard and gave necessary guidance following reports by responsible officials.

Upon arriving at Myanmar International Terminals Thilawa (MITT), Union Minister

SEE PAGE - 24





President U Min Aung Hlaing hears reports on implementation plans for the Ywathagyi station yard project.

FROM PAGE - 21

Union Minister for Electric Power and Energy U Ko Ko Lwin, and Yangon Region Chief Minister U Aung Naing Thu formally opened the refinery.

The President unveiled the signboard of the main control room of the refinery and the plaque by pushing a button and sprinkled scented water.

The President viewed the scale model of the refinery, the documentary photos of the past successive years, and the documentary photos of the inspection tours of the Head of State in the main control. The Union Minister for Electric Power and Energy explained the salient points.

The President and attendees pushed the digitalized button to send raw material and start the engines in the main control room.After inspecting the main control room, the President signed the visitor's book of the refinery.

The President and party toured the refinery by buggies, and heard a report on the operations of the refinery. The President gave instructions.

At the part two of the ceremony, the President commissioned the refinery through digital technology.

In his honorary speech, the President said today's ceremony is not just a milestone that recognizes the completion of the refinery. It also is an important step to fulfil the nation's energy need, to boost domestic production, and to ensure a sustainable energy security.

The Ministry held its 40th Ruby Anniversary and the Centenary of the Thanlyin Refineryin 2025, and now it has opened a new refinery. It is an honourable achievement of the Ministry which must make continuous efforts for greater progress of the nation's energy sector, based on this success.

The country has a long history regarding the oil industry. Historical records say that oil refinery operations started in 1871 by the **Yangon Oil Company.** In 1925, BOC Company Ltd established Thanlyin Oil Refinery, with the capacity to refine 800,000 gallons of crude oil per day. Crude oil from the country's oil fields were piped to the refinery which distributed

SEE PAGE - 23

FROM PAGE - 22

finished products for domestic use and exports.

Although oil industry infrastructure was damaged and destroyed during the Second World War, it was subsequently repaired and rebuilt, enabling the refinery to resume operations in 1957. The refinery was later expanded and upgraded in successive phases. However, it is important to learn from the past that the mere existence of a refinery does not guarantee long-term success if there is an imbalance among raw material availability, production technology, product quality and market demand. Therefore, in constructing and operating the new refinery today, it is necessary to systematically manage not only the construction of the facility itself but also ensure an adequate supply of raw materials, production efficiency, product quality and economic viability simultaneously.

Today, the new refinery under Phase 1 of the project has been successfully implemented. This achievement is the result of the concerted efforts of departmental staff, technical experts, skilled and manual workers, and major partner companies involved in the project. The President therefore recognized and commended all those who contributed to this success.

Relevant officials are urged to continuously monitor and assess refinery operations, production capacity, equipment maintenance, energy consumption and product quality, and to promptly identify the causes of any gaps between the established targets and actual results and take corrective measures accordingly.

Under Phase 2 of the project, the expanded oil refinery will continue to be developed. At this stage, attention must not be focused solely on refinery construction to achieve the targeted production of high-grade fuels and petrochemical products. Once all phases of the project have been completed and the refinery becomes operational, its viability and benefits must be carefully assessed based on its actual production capacity, product range, domestic market demand and raw material availability.

The President underscored that, alongside increasing the refinery's capacity, efforts must also be made simultaneously to enhance its long-term operational sustainability, economic viability and product quality. The first requirement for achieving these objectives is to ensure an adequate supply of crude oil feedstock. Regardless of how high the refinery's capacity may be, production targets cannot be met if raw materials are insufficient. Therefore, priority must be given to increasing domestic oil production, ensuring the efficient utilization of available crude oil, and securing a continuous supply of the necessary raw materials.

Furthermore, domestically produced crude oil and raw materials available from abroad must be managed in an integrated manner and arranged to meet the requirements of the refineries. Increasing production alone will not ensure that the public receives the full benefits. Therefore, emphasis must also be placed on ensuring the timely and efficient distribution of products while controlling costs.

Increasing domestic fuel production is not intended solely to replace imports, but also to reduce foreign currency expenditure, supply the energy required by domestic manufacturing sectors, and generate sustainable long-term economic benefits for the State. To achieve these objectives, costs must be comprehensively reviewed and effectively managed at every stage of the process, from raw material procurement to oil refining, storage and distribution.

To ensure energy security, it is necessary to reduce excessive dependence on energy and raw materials from abroad. In addition, renewable energy sources should be integrated appropriately, while energy storage capacity and the ability to respond effectively to emergencies should be enhanced. At the same time, harmonious efforts must be made to ensure the efficient use of energy and minimize waste.

A study of the global energy sector shows that technology and market conditions are evolving and changing rapidly. Therefore, it is necessary to take a balanced approach to meeting current energy needs while also ensuring long-term energy development. Oil and natural gas resources must be utilized efficiently, while equal emphasis should be placed on promoting the use of renewable energy, conserving energy, and developing and applying new technologies.

Furthermore, the long-term success of a modern oil refinery depends not only on having modern equipment and technology but also on the availability of local experts and skilled workers who can apply these technologies effectively. Therefore, the Ministry of Electricity and Energy needs to prioritize human resource development.

Similarly, digital systems, automated control systems and artificial intelligence (AI) technologies should be applied wherever appropriate to meet operational needs. In particular, these technologies must be used effectively to predict equipment failures before they occur, improve energy efficiency, monitor production conditions in real time, and identify potential hazards in advance.

At the same time, as oil refining is a high-risk industrial activity, special attention must be paid to workplace safety and environmental protection. Therefore, systematic measures must be taken to assess potential risks in advance at every stage of refinery operations, prepare for fires and other emergencies, regularly inspect and maintain equipment, and control wastewater and air pollution. These are essential foundations for ensuring the refinery's safe and sustainable long-term operation.

Safety and environmental standards must never be compromised in the pursuit of production targets. Therefore, every employee must strictly comply with the established rules and regulations. In addition, all personnel must work together to foster a workplace culture in which potential hazards are promptly reported.

The opening of the new oil refinery today marks an important step towards revitalizing the domestic oil refining industry and meeting the energy needs of the State. Building on this achievement, continued efforts must be made to complete subsequent project phases within the stipulated timeframe, ensure quality standards, and achieve economic viability.

The President acknowledged and commended the efforts of all those involved in the project's construction and operational activities, including officials from the ministry, refinery staff, technical experts, and specialists and workers from Thanlyin Refinery Company and its partner companies. All were urged to continue implementing the forthcoming phases of the project successfully, as they have done so far, by working in unity and with a strong sense of responsibility while making full use of their expertise.

The electricity and energy sector plays a vital role in the State's economic development, industrial production and the daily lives of the people. Therefore, in implementing energy projects, it is necessary to take a balanced approach to enhancing production capacity, ensuring cost-effectiveness and efficiency, developing technology and human resources, maintaining workplace safety, and protecting the environment.

The Ministry must prioritize practical implementation and long-term benefits in its efforts to develop the electricity, oil and natural gas, oil refining, and petrochemical sectors, striving to achieve beneficial outcomes for the State and the people. Therefore, the President urged all concerned to continue implementing each task systematically, methodically and firmly, based on energy sufficiency, energy security and sustainable energy development, in order to realize the goal of **"Moving from Energy Sufficiency to Energy Independence for the State."**

He said he wished all staff success in carrying out energy-related activities that benefit the State and the people through their collective strength, sense of responsibility, spirit of innovation and continuous learning. In accordance with the Ministry's motto, **"Abundant Energy for the Benefit of the Nation,"** he also extended his best wishes for the successful implementation of initiatives aimed at ensuring energy sufficiency and energy security.

The Union Minister for Electricity and Energy reported on the implementation of the Thanlyin oil refinery (Phase 1) and further plans.

The President and the attendees at the ceremony watched a video clip on the implementation of the refinery (Phase 1).

The Union Minister for Electricity and Energy presented a scale model of the refinery to mark its launch to the President.

The President presented a fruit basket of honour to experts who implemented the refinery.

After the ceremony, the President and party proceeded to the site designated for the construction of Phase 2 of the Thanlyin Oil Refinery. At the briefing hall of the Phase 2 of Thanlyin Oil Refinery Construction Project, the Union Minister for Electricity and Energy explained the plans for continuing the implementation and construction of Phase II of the Refinery, after which the President gave the necessary guidance and instructions.

Afterwards, the President and party inspected the historical displays and artifacts on Myanmar's oil and natural gas production exhibited at the Energy Museum, which was opened to mark the centenary of the Thanlyin Refinery, and gave the necessary guidance and instructions in response to the reports presented by officials.

Myawady

●●FROM PAGE - 22

U Mya Tun Oo reported on port operational performance. His briefing covered the background, policies, and responsibilities of Myanma Port Authority; Myanmar's ports along its 1,260-nautical-mile coastline; maritime trade operations and profitability; yearly jetty development; terminals across Yangon and the Thilawa outer port zones; and Yangon Port's annual cargo-handling capacity. He further detailed the authority's involvement in the Yangon–Dala Bridge project, efforts to boost maritime trade in line with export promotion policies, port services rendered by Myanma Port Authority, upgrade plans for general cargo berths, cargo handling volumes across monsoon and open seasons, ongoing transshipment activities, potential avenues to promote transit trade, the development of inland container depots and domestic coastal ports across Yangon Region, monitoring initiatives to double export volumes, preparations to roll out a semi-smart container port pilot project, port-level digital transformation initiatives, and study tours conducted at foreign seaports.

Following the presentation, the President stressed the necessity of annual maintenance dredging to keep navigation channels from the sea estuary consistently navigable. He noted that establishing a semi-smart port would yield significant benefits. He pointed out that upgrading the railway to a dual track was instructed to accelerate container movements by rail alongside road transport during peak vessel-berthing periods. Similarly, road expansions and bridge upgrades have been implemented to ensure rapid, unhindered container truck traffic into and out of Yangon's port terminals. He also mentioned upgrading the Pamawaddy Port in Ayeyawady Region to accommodate large vessels carrying 20,000 to 30,000 tons operating along the Pathein River, enabling efficient domestic and international sea shipments of regional rice and general cargo, as well as inbound freight required for Ayeyawady Region.

The President highlighted that Thilawa Port is vital to the country and offers optimal logistical convenience for freight haulage, urging officials to strive continuously for port sector development.

Regarding the Dawei Deep-Sea Port, he noted that several countries have expressed interest in constructing the Southern ASEAN land corridor. Addressing Myeik and Kawthoung, he observed that Kawthoung is well-positioned for border trade and that regional development must also take tourism into account. He pointed out that ports in Pathein, Yangon, and Dawei will emerge as the nation's principal maritime gateways in the future—with Dawei Port geared toward international transit trade, and the ports in Yangon and Pathein focused on facilitating domestic freight transport. He concluded by urging all stakeholders to work collaboratively to ensure smooth and efficient port operations.

Subsequently, the President toured Myanmar International Terminals Thilawa by motorcade to inspect daily port operations.

Later, the President and his entourage arrived at the Ywathagyi Dry Port in East Dagon Township. In the meeting hall, the Union Minister for Transport presented on implementation plans for the Ywathagyi station yard project, ongoing dry port operations, project parameters, the operation of the Ywathagyi –Myitnge–Ywathagyi container freight trains, and the completed boundary fencing along railway-owned land flanking the station access road.

The President raised queries regarding the briefings and instructed officials to calculate land use systematically to ensure compact, optimal utilization during project implementation. He also directed authorities to closely supervise and ensure that land parcels permitted for operational activities in Yangon Region are utilized strictly and correctly for their designated purposes, before issuing other necessary directives.

Afterward, the President toured the dry port complex by motorcade to inspect ongoing logistics and freight services.

Myawady

Systematic demolition of illegal buildings used in online scams/gambling in Shwe Kokko (Part-II) continues

NAY PYI TAW October 14

Placing emphasis on combat against online scams and gambling as a national responsibility, the government has carried out systematic total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they could not be used again for such crimes.

In doing so, demolition of a 5-storey building out of remaining ones to be knocked down with the use of machinery in Shwe Kokko (Part-II) continued today and 94 percent of the works completed. Moreover, 40 percent of the demolition of another 5-storey building was over and preparations of explosives for a 13-storey building were carried out.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be destroyed manually floor by floor due to their proximity to residential complexes and systematic demolition works were being carried out. Demolition of three out of four illegal building to be detonated completed and plans were underway to systematically demolish the 60 remaining buildings.


In cooperation with neighbouring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which have posed a threat to the global socio economic arena and national security. **100**



Preparations of explosives for detonation of a 13-storey illegal building used in online scams and gambling in Shwe Kokko (Part-II).




Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲအခမ်းအနားကို အကြိမ်ရေအများဆုံးရရှိထားသည့် မက်ဆီ တက်ရောက်မည်

ဇူးရစ် အောက်တိုဘာ ၁၄

အင်တာမိုင်ယာမီ အသင်းတိုက်စစ်ကစားသမား မက်ဆီသည် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲ အခမ်းအနားကို တက်ရောက်မည်ဖြစ်သည်။

မက်ဆီသည် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရှစ်ကြိမ် ရရှိထားပြီး အကြိမ်ရေအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံးကစားသမား ဆုပေးပွဲအခမ်းအနားကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ပြင်သစ် မဂ္ဂဇင်းတို့ပူးပေါင်းပြီး နှစ်စဉ်ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သော်လည်း ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမား ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ထုတ်ပြန်ထားသည့် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား စာရင်းတွင် မက်ဆီပါဝင်နေသော်လည်း ဆုရရှိရန် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းနှင့် ဘာစီလိုနာအသင်းမှ ယာမယ်တို့က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။

လက်ရှိ ထွက်ပေါ်နေသည့် သတင်းများအရ မက်ဆီအနေဖြင့် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ပြီး ဆုရရှိမည့်ကစားသမားကို ဆုပေးအပ်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။



၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ ယာမယ်က ထိပ်ဆုံးမှရေပန်းစားနေပြီး ၎င်း၏နောက်၌ အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား ဟယ်ရီကိန်းရေ အများဆုံးကစားသမားအဖြစ် ကရိုနေသည်။ ယာမယ်အနေဖြင့် ယခုဘောလုံးရာသီတွင်လည်း နိုင်ငံအသင်းနှင့် ကလပ်အသင်းတို့တွင် ခြေစွမ်းပြကစားလျက်ရှိသည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုပေးပွဲ အခမ်းအနားကို မက်ဆီ တက်ရောက်မည်ဖြစ်သော်လည်း ငါးကြိမ်ဖြင့် ဒုတိယအကြိမ်ရေ အများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် အယ်နာဆာ အသင်းမှ စီရော်နယ်ဒိုအနေဖြင့် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခြင်းမရှိသည့်အတွက် ဆုပေးပွဲအခမ်းအနားကို တက်ရောက်ဖွယ်မရှိကြောင်း သိရသည်။

Ref;Fabrizio Romano

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပိန်ကလပ်အသင်းများနိုင်ပွဲရရှိ

မက်ဒရစ် အောက်တိုဘာ ၁၄

ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ကစားသည့်ပွဲစဉ်များ၌ စပိန်ကလပ်အသင်းများနိုင်ပွဲရရှိခဲ့ကြသည်။

ချန်ပီယံလိဂ်ပွဲစဉ်များတွင် စပိန်ကလပ် ဘာစီလိုနာအသင်းသည် တူကီယဲကလပ် ဂါလာတာဆာရေးအသင်းနှင့် ကစားခဲ့ရာ ဘာစီလိုနာအသင်းက ၄ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၃ မိနစ်တွင် ကန်ဆယ်လို၊ ပွဲချိန် မိနစ် ၅၀ တွင် လိုပက်ဇ်၊ ပွဲချိန် ၅၃ မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၆၅ မိနစ်တွင် အဒီယာမီတို့ကသွင်းယူနိုင်ခဲ့သည်။ ဂါလာတာဆာရေးအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ဘာထရာကော့ကသွင်းယူခဲ့သည်။ လက်ရှိတွင် ဘာစီလိုနာအသင်းက နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁)နေရာ၌ ရပ်တည်နေသည်။

အလားတူ ဗီလာရီးယဲလ်အသင်းသည်လည်း နာပိုလီအသင်းနှင့် ကစားရာ ၃ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဗီလာရီးယဲလ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် မီကူတက်ဇ်၊ ပွဲချိန် ၂၆ မိနစ်တွင် မိုရီနို၊ ပွဲချိန် ၈၆ မိနစ်တွင် အိုလူဝါဆီယီတို့က သွင်းယူပေးနိုင်ခဲ့သည်။ နာပိုလီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၈မိနစ်တွင် ရာဟာမာနီက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်းသည် အိမ်ကွင်း၌ မန်ယူအသင်းကို လက်ခံကစားရာ ၂ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အက်သလက်တီကိုအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် တစ်မိနစ်တွင် ဘာရီရို့စ်နှင့် ပွဲချိန် ၇၉ မိနစ်တွင် လွတ်မန်းတို့ကသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fotmob



ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ဘီဗိုးလ်နှင့် ကယ်လန်စမစ်တို့ယှဉ်ပြိုင်ရန်စီစဉ်

မော်စကို အောက်တိုဘာ ၁၄

WBA၊ WBO၊ IBF ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုးလ်နှင့် စိန်ခေါ်သူ ဗြိတိန်လက်ဝှေ့သမား ကယ်လန်စမစ်တို့ ယခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ရုရှားနိုင်ငံ၌ ယှဉ်ပြိုင်ရန်စီစဉ်ထားသည်။

ဘီဗိုးလ်သည် ၂၀၂၅ ခုနှစ်က WBA၊ WBO၊ IBF ကမ္ဘာ့ချန်ပီယံခါးပတ်ပေါင်းစည်းပွဲစဉ်အဖြစ် ဘီတာဗော့ကိုအနိုင်ရရှိပြီးနောက် ချန်ပီယံခါးပတ်များကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကယ်လန်စမစ်က WBA၊ WBO၊ IBF ကမ္ဘာ့ချန်ပီယံခါးပတ်စိန်ခေါ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရန်စိန်ခေါ်ပြီးနောက် ဆွေးနွေးမှုများလုပ်ဆောင်ရာ ဒီဇင်ဘာလ ၁၂ ရက်တွင် ယှဉ်ပြိုင်ရန်သဘောတူညီမှုရရှိခြင်းဖြစ်သည်။

ဘီဗိုးလ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၂၅ ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူဖြစ်သည်။ ဘီဗိုးလ်သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်အဖြစ်ပြီးခဲ့သည့် မေလ ၃၀ ရက်က ဘယ်လ်ဂျီယံလက်ဝှေ့သမား အီဖက်နှင့်ယှဉ်ပြိုင်ခဲ့သည်။

ကယ်လန်စမစ်သည်လည်း ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၃၁ ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

Ref;Source of Boxing

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အကောင်းဆုံးကစားသမားဆု ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်

လန်ဒန် အောက်တိုဘာ ၁၄

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့သည်။

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က နောက်ပိုင်းဘောလုံးရာသီများတွင် တစ်ပတ်တာအတွက် အကောင်းဆုံးကစားသမားဆုများကို ချီးမြှင့်ပေးလျက်ရှိပြီး ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်ကာ ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူချီးမြှင့်ပေးခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား ခုနစ်ဦးစာရင်းတွင် ချယ်လ်ဆီးအသင်းမှ နှစ်ဦးပါဝင်လာပြီး မန်စီးတီးအသင်း၊ ပဲလေ့စ်အသင်း၊ အဲဗာတန်အသင်း၊ ကိုဗင်ထရီအသင်းနှင့် အစ်ဝှစ်အသင်းတို့က တစ်ဦးစီပါဝင်ခဲ့ကြသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် ချယ်လ်ဆီးအသင်းမှ ဟီဒါဆန်နှင့် ဂျာအိုပက်ဒရို၊ မန်စီးတီးအသင်းမှ အန်ဒါဆန်၊ ပဲလေ့စ်အသင်းမှ ဘီနီတက်၊ အဲဗာတန်အသင်းမှ ဒီဘူရိဟော၊ အစ်ဝှစ်အသင်းမှ ဒါရာအိုရှား၊ ကိုဗင်ထရီအသင်းမှ ဘော်ဘီသောမက်တို့ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါဆန်ခါတင်ကစားသမားစာရင်း၌ ပါဝင်လာခဲ့သူများထဲတွင် ဘုန်းမောက်အသင်းကို နှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုတစ်ကြိမ်လုပ်ဆောင်နိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းမှ ဟီဒါဆန်နှင့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့သော အန်ဒါဆန်တို့က ဆုရရှိရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref;Premierleague

DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖလက်ဝုဒ်နှင့် မက်အီရွိုင်းတို့ပါဝင်မည်

နယူးဒေလီ အောက်တိုဘာ ၁၄

အိန္ဒိယနိုင်ငံ၌ကျင်းပမည့် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်းဂေါက်သီးရိုက်ကစားသမားများဖြစ်သည့် လက်ရှိချန်ပီယံ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်နှင့် စကော့တလန်ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းတို့ပါဝင်မည်ဖြစ်သည်။

DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အောက်တိုဘာလ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။



အဆိုပါပြိုင်ပွဲသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီအဆုံးသတ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွက် အရေးပါသည့် ထိပ်တန်းပြိုင်ပွဲဖြစ်သောကြောင့် ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်းကစားသမားအများစုပါဝင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ ဖလက်ဝုဒ်က ချန်ပီယံဆုကိုကာကွယ်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထိပ်တန်းဂေါက်သီးရိုက်ကစားသမားအဖြစ် ဖလက်ဝုဒ်နှင့် မက်အီရွိုင်းတို့အပြင် ဂျက်စတင်ရို့စ်၊ ရှိန်းလော်ဝိုင်၊ ရိုင်ယန်ဖောက်၊ ပက်ထရစ်ရိုဒ်စသည့် ထိပ်တန်းကစားသမားများလည်း ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ လေးသန်းချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲများဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

Ref;DP Tour

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျှောမှုအား ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် အောက်တိုဘာ ၁၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျှောမှုအားကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တမံအောက်ပိုင်း အိုလျှောကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှောဧ၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေထောက်ခြင်းအား မြေတူးစက် လေးစီး၊ မြေထိုးစက် သုံးစီး၊ မြေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဆောင်ရွက်နေမှု၊ မြေသားတမံအား ပိုမိုအားဖြစ်စေရန်အတွက် မြေသားတမံပုံစံဧ၏နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe)ကို အလျားပေ ၅၅၀၊ အောက်ခြေပျမ်းမျှအကျယ် ၂၆ ပေ၊ ထိပ်ဝအကျယ် ၆ပေ၊ ပျမ်းမျှအမြင့် ၁၀ ပေ ထည့်သွင်းတည်ဆောက်ရန် စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှု၊ တမံရေအမြန်ဆုံးလျှော့ချနိုင်ရေးအတွက် တမံရေထုတ်ပြန်မှ ၄၀၀ ကုဗပေ/စက္ကန့် ရေလျှော့ချနေသကဲ့သို့ အရေးပေါ်ရေပိုလွှဲအား မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီး၊ ကျောက်ဖောက်စက်တစ်စီးတို့ဖြင့်ဆောင်ရွက်နေမှုတို့ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအေးကျော်နှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ် ကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ် မမြရေလှောင်တမံ တမံအိုလျှောမှုအား ကာကွယ်ထိန်းသိမ်းမှု လုပ်ငန်းများတွင်ပါဝင်ကူညီကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်



များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ဒံဇေါက်၊ ရေဓာတ်အားဖြည့်အချို့ရည်မှားနှင့် သောက်ရေသန့်များပေးဝေခဲ့သည်။

အဆိုပါ မမြရေလှောင်တမံအောက်ပိုင်း အိုလျှောကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှမြေသားတမံပုံစံ တမံအောက်ခြေထောက်ခြင်းလုပ်ငန်းနှင့် တမံရေအမြန်ဆုံးလျှော့ချနိုင်ရေး လုပ်ငန်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၉-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၀-၉-၂၀၂၆ ရက်နေ့မှ ၂၅-၉-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် ၄စ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ အထွေထွေ ၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃ ဦး စုစုပေါင်း ၁၅ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၇၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၆၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၉၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MEGA BEST MANUFACTURING COMPANY LIMITED

မြန်မာနိုင်ငံလူမဲ့ခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁၀-၁၀-၂၀၂၆ ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ "MEGA BEST MANUFACTURING COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇင်ဝေ(CPA-210)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ(၁)လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း တင်ပြတောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	Daw San San Aye
စာရင်းရှင်းလင်း	ဒါရိုက်တာ
ဖျက်သိမ်းရေးအရာရှိ	MEGA BEST MANUFACTURING COMPANY LIMITED

စာပေမြင့်မှ လူမျိုးတင့်မည်

ပျောက်ဆုံးကြောင်း

စန်းစန်းမြင့်(ဘ)ဦးအုန်မောင် ၁၂/ဗဟန(နိုင်) ၀၇၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၃၈၂၀၇

ပျောက်ဆုံးကြောင်း

ကိုဝင်းလှ(ဘ)ဦးသန်းရီ ၁၂/တတန(နိုင်) ၁၅၆၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၈၂၅၅၀၅

ပျောက်ဆုံးကြောင်း

ခင်မာသက်(ဘ)ဦးသန်းရွှေ ၇/ထတပ(နိုင်) ၀၅၄၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

မြင့်သူဇာ(ဘ)ဦးတင်ဦးလွင် ၁၂/သလန(နိုင်) ၁၆၂၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၃၄၃၂၇

ပျောက်ဆုံးကြောင်း

ရန်ဆိုက်ရွှင်း(ဘ)ဦးရန်ချောင်ချွန် ၁၃/ကခန (နိုင်)၀၅၇၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 813673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

သဲသဲမာ(ဘ)ဦးဉာဏ်ထွန်း ၁၀/မလမ(နိုင်) ၁၉၉၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မင်းခန့်ကျော်(ဘ)ဦးဆွေသွင် ၁၄/မအပ (နိုင်)၄၁၂၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ချစ်စုဝေ(ဘ)ဦးမြင့်တင် ၁၁/စတန(နိုင်) ၁၀၇၂၆၇ ကိုင် ဆောင် သူ၏ နိုင် ငံ ကူး လက်မှတ်အမှတ်(MG 575933)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

အမည်မှန်

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ် အဘ ဦးခင်မောင်မြင့် ၈/တတန(နိုင်)၀၂၆၂၃၉ ၏သမီး အ.ထ.က(ကုက္ကိုင်း)(အ.ထ.ပ)၏အမည်မှန်မှာ ဒေါ်ခိုင်ခင်ငြိမ်း ၈/တတန(နိုင်)၁၄၁၂၅၈ ဖြစ်ပါကြောင်း။
ဒေါ်ခိုင်ခင်ငြိမ်း

ပျောက်ဆုံးကြောင်း

စမ်းပပ(ဘ)ဦးမြင့်ကြိုင် ၇/ပမန(နိုင်) ၁၇၆၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 774648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဦးဟန်သိန်း(ဘ)ဦးတင်စော ၁၂/သဃက(နိုင်) ၁၃၀၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၆၇၈၆၈၇

ပျောက်ဆုံးကြောင်း

ခိုင်ထင်း(ဘ)ဦးစန်းရွှေ ၁၂/ဗဟန(နိုင်) ၁၀၃၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၆၅၅၇၁၉

ပျောက်ဆုံးကြောင်း

မင်းထက်(ဘ)ဦးသန်းမြင့် ၉/မခန(နိုင်) ၂၆၉၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 261310)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၁၇၄၅၂၁၁၃

ပျောက်ဆုံးကြောင်း

သန္တာလင်း(ဘ)ဦးမန်းတင် ၅/ကလထ(နိုင်) ၂၃၆၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

နန်းဝင်း(ဘ)ဦးသန်းညွန့် ၈/နမန(နိုင်) ၁၉၈၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ကျောက်ရိတ်မြို့၊ အမှတ်(၂)ရပ်ကွက်နေ မောင်ပြည့်ဖြိုးဦး(ဘ)ဦးလှဝေ ၃/ကကရ(နိုင်)၂၃၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 100909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့၊ ရွှေညောင်ဖူးအုပ်စု၊ ကျောက်ချပ်ရွာနေ မောင်ရန်အောင်(ဘ)ဦးကျော်လွင် ၉/ပဘန(နိုင်) ၂၁၃၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 361967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၂၈၆၉၂၂

ပျောက်ဆုံးကြောင်း

သင်္ကေဝ(ဘ)ဦးဟံစိန် ၁၄/ညတန(နိုင်) ၂၂၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အမည်ပြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ မူလွန် ပ.ယ.န Grade-6 မှ အဘ ဦးသက်မင်းထွဋ် ၁၄/ပသန(နိုင်) ၂၄၇၁၆၆ ၏သား မောင်ဝသန်းလပြည့်အား မောင်ဝသန်းလပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဝသန်းလပြည့်

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရေပူစမ်းနေ မောင်အေးသိန်း(ဘ)ဦးအောင်ချစ်စိန် ၁၄/ဟကက(နိုင်)၀၀၁၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 160797)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဖြူးမြို့နေ ဌေးဌေး(ဘ)ဦးဌေးမောင် ၇/ဖမန(နိုင်)၂၀၀၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 421794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ထန်းတပင်မြို့နေ သက်မာ(ဘ)ဦးစံမောင် ၇/ထတပ(နိုင်)၀၉၈၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 011989)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၁၀၊ သိဂီလမ်းနှင့် ဇယ္ဈာဒီပါလမ်းကြား၊ နှင်းဆီလမ်း၊ အမှတ်-၈-၁၀ နေ အဘ ဦးအာကာစောမောင် ၁၃/သပန(နိုင်) ၀၆၀၄၆၅ ၏သား မောင်စိုင်းဆေဟန်အား မောင်စိုင်းဆိုင်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်စိုင်းဆိုင်ဟန်

အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၁၀၊ သိဂီလမ်းနှင့် ဇယ္ဈာဒီပါလမ်းကြား၊ နှင်းဆီလမ်း၊ အမှတ်-၈-၁၀ နေ အဘ ဦးအာကာစောမောင် ၁၃/သပန(နိုင်) ၀၆၀၄၆၅ ၏သား မောင်စိုင်းဆေဟန်အား မောင်စိုင်းဆိုင်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်စိုင်းဆိုင်ဟန်

ပျောက်ဆုံးကြောင်း

ဖြူးမြို့နေ ဌေးဌေး(ဘ)ဦးဌေးမောင် ၇/ဖမန(နိုင်)၂၀၀၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 421794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရေပူစမ်းနေ မောင်အေးသိန်း(ဘ)ဦးအောင်ချစ်စိန် ၁၄/ဟကက(နိုင်)၀၀၁၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 160797)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နယ်နေ စိုးမိုးအောင်(ဘ)ဦးမြင့်ဝေ ၁၄/လမန(နိုင်)၁၁၆၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 150726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေကုက္ကိုလ်နေ မစပယ်(ဘ)ဦးပန်းမြိုင် ၁၀/မဒန(နိုင်)၂၆၄၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 888954)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၀၀၈၈၂၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေကုက္ကိုလ်နေ မစပယ်(ဘ)ဦးပန်းမြိုင် ၁၀/မဒန(နိုင်)၂၆၄၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 888954)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၀၀၈၈၂၂

ပျောက်ဆုံးကြောင်း

အိုင်လှိုင်ဖြိုး(ဘ)ဦးစိုးလှိုင် ၁၀/ကမရ(နိုင်)၁၅၂၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

စံလင်းထက်(ဘ)ဦးခင်မောင်သန်း ၉/ပမန (နိုင်)၂၅၇၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

လမင်းထွန်း(ဘ)ဦးစောဆာလောလ ၁၂/ဒဂရ(နိုင်)၀၄၂၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 214352)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှု




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၁၃ ထပ်အဆောက်အအုံအား ယမ်းပြင်ယမ်းကပ်ဆောင်ရွက်မှု

ယမ်းပြင်ယမ်းကပ်ခြင်းဆောင်ရွက်သည့် (၁၃)ထပ်အဆောက်အဦ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၁၃ ထပ်အဆောက်အအုံအား ယမ်းပြင်ယမ်းကပ်ဆောင်ရွက်မှု

ယမ်းပြင်ယမ်းကပ်ခြင်းဆောင်ရွက်မှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၁၃ ထပ်အဆောက်အအုံအား ယမ်းပြင်ယမ်းကပ်ဆောင်ရွက်မှု

ယမ်းကြိုးဆွဲခြင်းဆောင်ရွက်မှု



နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၄ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ်အဆောက်အအုံတစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးအနက် ၃ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

Quality For You

ဗီဂ၅ါ ပလတ်စတစ်လှုသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ

အရည်အသွေးမှာ အဓိကအာဘော်ဆုံး ဗီဂ၅ါ

Quality For You

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ဝဠ-၂၀၀၂၀၅၁၊ ဝဠ-၄၀၂၆၃၉၆၈၉၊ ဝဠ-၆၉၈၃၅၅၈၃၀

အင်ဒါးခွ သကြားစက်မှုထုတ်လုပ်သည်

အင်ဒါးခွ



INNGAGWA

White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo.85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ဝဠ - ၄၄၉၂၅၂၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ဝဠ - ၇၇၇ ဝဝ၂ ၇၀၄၊
ဝဠ - ၇၇၇ ဝဝ၄ ဝဠ၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ဝဠ - ၇၇၇ ဝဝ၄ ၇၄ဝ
အရောင်းကိုယ်စားလှယ် - ဖုန်း - ဝဠ - ၇၇၇ ဝဝ၂ ၆၇ဝ

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား . . .



ပင်ရင်းအရောင်း - ဖုန်း - ဝ၁ ၃၆၁၀၈၄၁၊ ဝ၁ ၆၅၁၁၇၇၊ ဝ၁ ၆၅၂၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ဝဠ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ဝဠ ၆၇၁၄၄၄၃၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ဝဠ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ဝဠ ၆၈၅၁၀၉၀၇၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့် နေ့မတိုင်မီတစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ)
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)) အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့် နေ့မတိုင်မီတစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှစစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ)
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ)(ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ဆေးဖက်ဝင်ရှောက်သီးအကြောင်း သိကောင်းစရာ

ဒေါက်တာလပြည့်ခင်

ရှောက်ပင်သည် အာရှဒေသများ၌ ပေါက်ရောက်ရှင်သန်သည့် အမြဲစိမ်းမျိုးစိတ်အပင်ငယ်ဖြစ်ကာ စီထရစ်အက်စစ် ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းပါဝင်သည့် အချဉ်အရသာရှိသောအသီးဖြစ်ပြီး ကျန်းမာရေးအတွက် အကျိုးရှိသည်။ ရှောက်သီး၏မျိုးရင်းမှာ သံပရာ၊ ရှောက်မျိုးရင်း Rutaceae ဖြစ်ပြီး သိပ္ပံအမည်မှာ Citrus Medica ဖြစ်သည်။ သဘာဝသီးအဖြစ် အစားအသောက်လုပ်ငန်း၊ ဖျော်ရည်များနှင့် ဆေးဖော်စပ်ရာများတွင် အသုံးပြုကြသည်။

ရှောက်သီးတွင်ပါဝင်သော အာဟာရဓာတ်များ

အချဉ်အရသာရှိသည့် ရှောက်သီးတွင် ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးသည့် ဗီတာမင်-C၊ ဗီတာမင်-B6၊ သီရာမင်၊ နီရာစင်၊ ဖောလိတ်၊ စီထရစ်အက်စစ်၊ ရီဗိုဖလာဗင်၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ ဖော့စဖရပ်စ်နှင့် မဂ္ဂနီဆီယမ် စသည့်သတ္တုဓာတ်များနှင့် အမျှင်ဓာတ် အထူးသဖြင့် Pectin နှင့် ဆဲလ်များပျက်စီးမှုကိုကာကွယ်ပေးသည့် Flavonoids နှင့် Limonoids ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်သည်။ ရှောက်ရည် ၁၀၀ ဂရမ်တွင် ဗီတာမင်-C ၆၀ ဂရမ်ပါဝင်သောကြောင့် အသီးများတွင်ဗီတာမင်-C ကြွယ်ဝစွာပါဝင်သော အမျိုးအစားဟု ဆိုနိုင်သည်။

ဇီဝရုပ်ဖြစ်ပျက်မှုကိုမြန်ဆန်ထိရောက်စေနိုင်

ရှောက်သီးတွင်ပါဝင်သော ဗီတာမင်-C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်၏ကြွက်သားစုဆောင်းခြင်း၊ ဆဲလ်အသစ်များတည်ဆောက်ခြင်းနှင့် အစာချေဖျက်ပြီး ကယ်လိုရီလောင်ကျွမ်းစေခြင်းစသည်ဖြင့် စားသုံးလိုက်သောအစားအစာများကို ခန္ဓာကိုယ်မှအသုံးပြုနိုင်သည့် စွမ်းအင်အဖြစ်သို့ပြောင်းလဲပေးသည့်ဖြစ်စဉ် ဇီဝရုပ်ဖြစ်ပျက်မှုကို ပိုမိုမြန်ဆန်ထိရောက်စေရန် ကူညီပေးသည်။ နံနက်ခင်းတွင် ရှောက်ရည်စစ်စစ်ကို ရေနွေးနွေးဖြင့်ဖျော်သောက်ခြင်းသည် အဆိပ်အတောက်ပြေစေပြီး ဇီဝရုပ်ဖြစ်ပျက်မှုကိုမြှင့်တင်ပေးသည်။

ရောဂါပိုးကူးစက်မှုကိုကာကွယ်နိုင်

ရှောက်သီးတွင် ဗီတာမင်-C ကြွယ်ဝမှုကြောင့် ကိုယ်ခံအားကိုမြှင့်တင်ပြီး သွေးဖြူဥဆဲလ်ထွက်ရှိမှုကို ကူညီပေးသည်။ ထို့ပြင် ရောဂါပိုးများကူးစက်မှုကိုကာကွယ်ပေးနိုင်သည်။

နှလုံးရောဂါကိုကာကွယ်ပေးနိုင်

ရှောက်သီးတွင် ကြွယ်ဝစွာပါဝင်သည့် ဗီတာမင်-C က သွေးပေါင်ချိန်ကိုထိန်းညှိပေးပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအမြင့်ဆုံးရောဂါတစ်ခုဖြစ်သည့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးကြောများတွင် အဆီများစုပုံခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးသည်။

ကျောက်ကပ်ကျောက်မတည်အောင် ကာကွယ်ပေးနိုင်

ရှောက်သီးတွင်ပါဝင်သည့် စီထရစ်အက်စစ်က ကျောက်တည်ခြင်းကိုဟန့်တားပေးပြီး ကျောက်ကပ်ကျောက်မတည်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ရှောက်ရည်သည် သည်းခြေတွင်တည်သည့်ကျောက်များကို ပျော်ဝင်ကြေပျက်သွားအောင် ကူညီပေးသည်။

လေရောဂါသက်သာစေနိုင်

လေရောဂါရှိသူများ၊ အစာမကြေသူများနှင့် အဆာခံလိုက်သဖြင့် လေခံနေသူများအတွက် ရှောက်သီးတစ်စိတ်ကိုနုပ်နုပ်စဉ်းပြီး ထန်းလျက် ၁၀ ကျပ်သားနှင့်ရောကျိုကာ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက် သောက်ပေးပါက အစာကြေလွယ်ကာ လေရောဂါကိုသက်သာစေသည်။

သံဓာတ်စုပ်ယူမှုကိုမြှင့်တင်ပေးနိုင်

ဗီတာမင်-C ကြွယ်ဝစွာပါဝင်သော ရှောက်သီးက သံဓာတ်စုပ်ယူမှုကောင်းစေပြီး သွေးအားနည်းရောဂါ မဖြစ်စေရန်ကာကွယ်ပေးသည်။ သံဓာတ်က သွေးနီဥဆဲလ်များအတွက် လိုအပ်သည့်အာဟာရဓာတ်များကိုထောက်ပံ့ပေးသကဲ့သို့ ခန္ဓာကိုယ်သို့အောက်ဆီဂျင်ထောက်ပံ့မှုကို အားဖြည့်ပေးသည်။ ခန္ဓာကိုယ်တွင်း၌ သံဓာတ်နည်းနေမည်ဆိုပါက ခြေကုန်လက်ပန်းကျခြင်း၊ အသက်ရှူရခက်ခြင်းတို့ ခံစားရနိုင်သကဲ့သို့ ဆံသားနှင့်အသားအရေကိုလည်း ခြောက်သွေ့စေသည်။

ကိုယ်ခံအားကောင်းစေနိုင်

ရှောက်သီးကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်တွင်း၌ သွေးဖြူဥဆဲလ်ထွက်ရှိမှုတိုးစေရန်ကူညီပေးပြီး ခန္ဓာကိုယ်သို့ ရောဂါပိုးများ ဝင်ရောက်ကူးစက်ခြင်းမျိုးမဖြစ်စေရန် အထိရောက်ဆုံးကာကွယ်ပေးသည်။ ထို့ပြင် ကိုယ်ခံအားကို အကောင်းဆုံးအားဖြည့်ပေးနိုင်ပြီး အအေးမိခြင်းနှင့် တုပ်ကွေးရောဂါများကို ကာကွယ်ပေးသည်။ ဗီတာမင်-C က ကော်လာဂျင်ထွက်ရှိမှုကိုလှုံ့ဆော်စေကာ ဆဲလ်များအား ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်ခြင်းမျိုးမဖြစ်စေရန် အကောင်းဆုံးကာကွယ်ပေးပြီး ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးသည်။

ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်

ရှောက်သီးသည် ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသည့်အသီးဖြစ်သောကြောင့် ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ပေးသကဲ့သို့ ကင်ဆာဆဲလ်များ ကြီးထွားမှုမရှိအောင် ဟန့်တားပေးနိုင်သည်။

ကိုယ်အလေးချိန်လျှော့ကျစေနိုင်

ရှောက်သီးတွင် အမျှင်ဓာတ်များစွာပါဝင်သောကြောင့် အစာစားချင်စိတ်ကိုချိုးနှိမ်ပေးသည့်အပြင် ဆာလောင်မှုမဖြစ်စေရန်လည်း ကာကွယ်ပေးပြီး အူလမ်းကြောင်းကိုကောင်းမွန်စေကာ ဝမ်းမှန်စေသည်။ ရှောက်သီးတွင် ဗီတာမင်နှင့်သတ္တုဓာတ်များစွာပါဝင်သောကြောင့် အစာခြေလမ်းကြောင်းအတွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားနိုင်သည့်အပြင် ခန္ဓာကိုယ်အတွင်းမှ မလိုအပ်သည့်အဆိပ်အတောက်များနှင့်အဆီများကိုဖယ်ရှားပေးပြီး ကိုယ်အလေးချိန်လျော့ကျစေသည်။

အနာကျက်မြန်စေနိုင်

ခန္ဓာကိုယ်တောင့်တင်းပြီး နာကျင်နေခြင်း၊ အကြောတက်ခြင်းများဖြစ်ပွားပါက ရှောက်ရည်တစ်ဆ၊ နနွင်းမှုန့်တစ်ဆရောပြီး ညအိပ်ရာဝင်ချိန်လိမ်းပေးလျှင် သက်သာစေသည်။ သဘာဝပိုးသတ်ဆေးအနေဖြင့်လည်း ရှောက်သီးသည် အနာကျက်မြန်စေခြင်းနှင့် ပိုးကူးစက်ခြင်းကို ဟန့်တားပေးနိုင်သည်။

အရေပြားကျန်းမာစေနိုင်

ရှောက်သီးကိုစိတ်၍ အရေပြားကိုပွတ်လိမ်းပေးပါက အမာရွတ်နှင့်အစက်အပြောက်များမှေးမှိန်ကာ အသားအရေကောင်းမွန်စေသည်။ ရှောက်ရည်သည် ဗက်တီးရီးယားပိုးမွှားများကို ဖယ်ရှားပေးနိုင်သောကြောင့် ဝက်ခြံပျောက်ကင်းစေပြီး မျက်နှာပေါ်မှ အဆီပိုများကိုဖယ်ရှားပေးနိုင်ကာ အဆီပြန်ခြင်းကို သက်သာစေနိုင်သည်။

လက်သည်းများပျက်စီးခြင်းမှ သက်သာစေနိုင်

လက်သည်းနီ မကြာခဏဆိုးတတ်သောသူများအနေဖြင့် လက်သည်းများပျက်စီးပါက ရှောက်ရည်နှင့်သံလွင်ဆီရောစပ်ထားသော အရည်ထဲတွင် လက်သည်းကိုနှစ်ပေးထားခြင်းဖြင့် လက်သည်းများပျက်စီးခြင်းမှ သက်သာစေနိုင်သည်။

ခံတွင်းရောဂါများသက်သာစေနိုင်

သွားကိုက်သောနေရာ၌ ရှောက်ရည်သုတ်လိမ်းပေးပါက နာကျင်မှုကိုသက်သာစေနိုင်သည်။ အာသီးရောင်ခြင်း၊ လည်ချောင်းနာခြင်း စသည့် လည်ချောင်းအတွင်းဖြစ်တတ်သော ရောဂါအမျိုးမျိုးတို့အတွက် ရှောက်ရည်နှင့်ရေကို ဆတူရောပြီး မကြာခဏပလုတ်ကျင်းပေးခြင်းဖြင့် သက်သာစေသည်။

ရှောက်သီးသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများသည်မှာမှန်သော်လည်း ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ဆေးဝါးတချို့ စွဲသောက်နေရသူများ၊ ရောဂါအခံရှိသူများနှင့် သွေးပေါင်ကျတတ်သူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ရှောက်သီးသည် ကျန်းမာရေးအတွက်သော်လည်းကောင်း၊ အလှအပရေးရာအတွက်သော်လည်းကောင်း များစွာအသုံးဝင်သော အသီးတစ်မျိုးဖြစ်သော်လည်း တန်ဆေးလွန်ဘေးမဖြစ်အောင် ချင့်ချိန်စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

ချမ်းအေးသာစံမြို့နယ်၌ အယ်လ်နီညိုနှင့်အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ချမ်းအေးသာစံ အောက်တိုဘာ ၁၄

ကျောင်းသားလူငယ်များအနေဖြင့် ကျန်းမာရေးအသိပညာဗဟုသုတများကြွယ်ဝစေရန်နှင့်အပူဒဏ်အန္တရာယ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာစေရန်အတွက် ရည်ရွယ်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ဦးဆောင်မှုဖြင့် အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။



ဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြင်းထန်အယ်လ်နီညိုအကြောင်း ရှင်းလင်းပြောကြားသည်။ထို့နောက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာချမ်းစိမ့်စိမ့်ချမ်းက အပူဒဏ်အန္တရာယ်အကြောင်း သိကောင်းစရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ဝါဝါကျော်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၂)

ကျိုက်လတ်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ကျိုက်လတ် အောက်တိုဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းကို အောက်တိုဘာလ ၁၄ ရက်တွင် ကျိုက်လတ်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပြီးစားဝတ်နေရေး ပြေလည်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်သောကြောင့် သင်တန်းမှပို့ချသည့်ဘာသာရပ်များကို စိတ်ပါဝင်စားစွာလေ့လာသင်ယူပြီး ဘဝတိုးတက်မြင့်မားလာအောင် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်ဆုမြတ်မွန်က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းကို ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ရန်ကင်း

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှု အခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့်ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူပို့ဆောင်ရန်အတွက် ပိုမိုအဆင်ပြေသည့် ဆိပ်ကမ်းတစ်ခုဖြစ်၊ဆိပ်ကမ်းလုပ်ငန်းများတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT)၌ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းလှည့်လည်၍ မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာသီလဝါမီးရထားဘူတာရုံ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောဝ်စုဝန်ကြီး ဦးမြထွန်းဦးက လက်ရှိတိုးကြောင်ကလေး-သီလဝါရထားလမ်းပိုင်း ၏

စာမျက်နှာ ၅ ကော်လံ ၁ ➢

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အားကစားနည်းများအလိုက် ဗိုလ်လုပွဲများနှင့်ဆုပေးပွဲများ ဆက်လက်ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၂၇ သို့



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများပူးပေါင်း၍ မမြရေလှောင်တမံဆင်ခြေလျောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှုဆည်ရေများ လျှော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှုဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ဆင်ခြေလျောနိမ့်ကျမှုအား

စာမျက်နှာ ၁၄ ကော်လံ ၁ ▲

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ စာ - ၃ သို့

လွိုင်ကော်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ချိုကယ်)နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ချိုကယ်)တို့ရှိ စာသင်ဆောင်များကို ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိ စာ - ၁၈ သို့

M League 2026 U-20 လူငယ်လိင်ပြိုင်ပွဲ ပွဲစဉ်(၁၉)နောက်ဆုံးနေ့ ပွဲစဉ်များကျင်းပ စာ - ၂၀ သို့